ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (18-3-2007) (၅၂၆၅)

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော်　　မတ်　　၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ် ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၏ နွေစပါး စိုက်ခင်း၌ တောင်သူများ မြေဩဇာကြဲပက်နေမှုနှင့် နွေစပါး ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ထူးခြားသည့် နေ့အပူချိန်များ**

၁၇–၃–၂၀၀၇

**မင်းဘူး နှင့် ပြည်**

၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၃၈.၅ ဒီဂရီစင်တီဂရိတ် (၁၀၁ ဒီဂရီဖာရင်ဟိုက်)

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| **ပူတာအို** | ၀ ဒသမ ၅၁ လက်မ |
| **မချမ်းဘော** | ၀ ဒသမ ၃၉ လက်မ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေကူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော်　　မတ်　　၁၇

ကချင်ပြည်နယ် ရွှေကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ရွှေကူတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် တပ်ဖွဲ့ဝင်မိသားစုများအား တပ်နယ်ရှိ မြဝတီခန်းမ၌ တွေ့ဆုံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် တည်ဆောက်လျက်ရှိရာတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထား၍ ပါဝင်တည်ဆောက်ရေး၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေး၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးနှင့် မိသားစုများ သက်သာချောင်ချိရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်ဖွဲ့ဝင် မိသားစုများအား အဝတ်အထည်များနှင့် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီပြစက်များကို ထောက်ပံ့ပေးအပ်ပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စုသို့ သွားရောက်ကြ၍ ညောင်ကုန်းကျေးရွာ၏ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြပြီး ရွှေကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က ဆိပ်သာကျေးရွာအုပ်စု၏ နွေစပါးစိုက်ပျိုးရန် လျာထားမှုသည် ၁၁၂၅ ဧကဖြစ်ပြီး စိုက်ပျိုးနိုင်မှုမှာ ၁၁၂၁ ဧက ဖြစ်ကြောင်း၊ ရွှေကူမြို့နယ်၏ နွေစပါးလျာထားချက်သည် ၈၂၃၅ ဧက ဖြစ်ပြီး ယနေ့အထိ စိုက်ပျိုးနိုင်မှုမှာ ၅၀၈၁ ဧက ဖြစ်ကြောင်း၊ ယမန်နှစ် စိုက်ပျိုးမှု ၄၉၄၉ ဧကထက် ၁၃၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

**ကြေးမုံ The Mirror ဆောင်းပါး အညွှန်း**

"တိုင်းပြည်ကို ခေတ်မီအောင် သိပ်မကြာတဲ့ အချိန်အတွင်း ပြန်တည်ဆောက်လို့ ရပါတယ်။ လူတွေရဲ့စိတ်ဓာတ် အောက်တန်းကျသွားတာကိုတော့ အချိန်အကြာကြီး ပေးပြီးမှ ပြန်တည်ဆောက်ယူရပါလိမ့်မယ်၊ အန်တီစုရဲ့ NLD ပါတီကကော လုံးဝ ကောင်းပါတယ်လို့ အာမခံနိုင်လို့လား။ အာဏာမမက်ကြပါဘူး၊ မလိုချင်ကြပါဘူးလို့ ပြောနိုင်ပါရဲ့လား။ နောက်ဆုံးတော့ အာဏာရရေး၊ အာဏာရရေးကိုပဲ တစာစာ တောင်းခံနေတာ မဟုတ်ဘူးလား"

ဝသန်၏ **"အန်တီစုသို့ အိတ်ဖွင့်ပေးစာ"** အန်တီစု လာရာလမ်းကို ပြန်သွားပါ

(ဆောင်းပါး) စာမျက်နှာ–၆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၈-၃-၂၀၀၇
(တနင်္ဂနွေနေ့)

# လမ်း၊တံတားများ အရှိန်အဟုန်မြှင့်ဖော်ဆောင် ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုအကျိုးပြု

လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ခြင်း၊ ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝခြင်း၊ ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန် ကောင်းမွန်ခြင်းတို့သည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်နှင့်ခရိုင်ချင်းဆက်လမ်းများကို နိုင်ငံတော်က တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ လမ်းသစ်များနှင့်အတူတံတားကြီးငယ် များစွာကိုလည်း တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းသည် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးမြေကျယ်ပြန့်များပြားသော ဒေသဖြစ်ရာ စပါးသာမက မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများတိုးချဲ့စိုက်ပျိုးလာခြင်း၊ မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများ ထွက်ရှိခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသည်။

ထို့အပြင်သာယာလှပသော ငွေဆောင်ကမ်းခြေနှင့် အပန်းဖြေဟိုတယ်ဇုန်တို့တည်ရှိနေသည့်အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေပေသည်။ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ငွေဆောင်-ဆင်မ-ငရုတ်ကောင်းမြေသားလမ်း၊ ငရုတ်ကောင်း-ငရုတ်ကောင်းတောင်မြေသားလမ်းဖွင့်ပွဲနှင့် ပိတောက်ကုန်းတံတား ဖွင့်ပွဲတို့ကို မတ်လ ၁၄ရက်နေ့က ကျင်းပခဲ့သည်။

ငွေဆောင်-ငရုတ်ကောင်း ကမ်းခြေလမ်းသည် ၃၂မိုင်ရှိပြီး ပုသိမ်မြို့သို့ အချိန်တိုအတွင်း သွားရောက်နိုင်သည်ဖြစ်ရာ လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၂၃ ရွာမှ ဒေသခံပြည်သူများ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ အလားတူ ငရုတ်ကောင်း-ငရုတ်ကောင်းတောင်လမ်းသည် မိုင်၂၀ရှိပြီး ပုသိမ်မြို့နှင့် မော်တင်စွန်းအထိသွားရောက်နိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုအကျိုးပြု လမ်း၊ တံတားများစွာကို အရှိန်အဟုန်မြှင့်ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ဒေသတစ်ခုနှင့်တစ်ခုဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ပြီး ကုန်စည် စီးဆင်းမှုသွက်လက်မြန်ဆန်ကာ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုမိုအကျိုးပြုလျက်ရှိနေပြီဖြစ်ပါသည်။ ။



## ဂုဏ်ပြုလှူချီးမြှင့်

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးအုန်း-ဒေါ်ခင်မြမိသားစုက ကျောင်းအလှူတော်ငွေ ကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီးစာချ-နာယက)ဆရာတော် ဦးဂန္ဓသာရ ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။
ပြည်သူ့သဘောထား





မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၇

**၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေခခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ထို့နောက် အထွေထွေပိုင်းတွင် တက်ရောက်လာကြသူ ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြပွဲဗဟိုကော်မတီနာယက ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

## ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်ကြသော ကျောင်းထိုင်ဆရာတော်ကြီးနှင့် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)ဘွဲ့ယူကြမည့် သင်တန်းသား ရဟန်းသံဃာတော်များအား ထာဝရ ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ် ငါးထောင်နှုန်းဖြင့် အပင်ပေါင်း ၂၀ အတွက် ငွေကျပ် တစ်သိန်းကို အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးမှ ဒေါ်ဌေးဌေးဝင်း မိသားစုက ဂေါပက အလုပ်အမှုဆောင်အဖွဲ့သို့ လာရောက်လှူဒါန်းသွားသည်။(က-ပ)

## ရွှေသန်လျင်ဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၁၇

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာန နာယက သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ နယ်လှည့်သာသနာပြု ဓမ္မကထိက ရွှေသန်လျင်ဆရာတော် အရှင်မေဃိယသည် မတ် ၂၃ ရက်တွင် ကျုံပျော်မြို့ ကြို့ကုန်းရွာ ဦးမြင့်ရွှေအလှူပွဲ၊ မတ် ၂၄ ရက် တောင်ဒဂုံ(၈၉)ရပ်ကွက် ဦးကြူးအလှူပွဲ၊ မတ် ၂၅ ရက် ဒေါ်ပုံရှင်ဥပဂုတ္တပူဇော်ပွဲ ဓမ္မသဘင်၊ မတ် ၂၆ ရက် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာ ဦးမြသန်းအလှူပွဲ၊ မတ် ၂၇ ရက် ပြည်တော်သာရွာ ဦးစံချိန်အလှူပွဲ၊ မတ်၃၁ ရက် သန်လျင်ကမ်းနားပိုင်း ရှင်ဥပဂုတ္တပူဇော်ပွဲ ဓမ္မသဘင်၊ ဧပြီ ၁ ရက် သန်လျင် နာရေးကူညီမှုအသင်း ဆေးအလှူတော် အထူးဓမ္မသဘင်၊ ဧပြီ ၃ ရက် သန်လျင်ဒေါ်တင်ရွှေအလှူပွဲ၊ ဧပြီ ၅ ရက်မှ ၁၁ရက်ထိ လဟာယက်ရွာ မဟာစည်သကြိန် အကြိုအထူးခုနစ်ရက် တရားစခန်းပွဲ၊ ဧပြီ ၁၄ ရက်တွင် သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမ ကျိုက်ဒေးယုံကျောင်း သကြိန်တွင်း ဓမ္မသဘင်နှင့် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ဒဂုံတောင်(၁၉)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ သကြိန်တွင်း ငါးရက် မဟာစည်တရားစခန်းပွဲများတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှအလှူရှင်များ ဖုန်း ၀၉၅၁-၈၅၀၀၄၊ ၀၅၆-၂၁၄၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## တောင်ပုလုတောရ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ပဲခူးမြို့ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ပုလု တရားရိပ်သာ ဦးစီးပဓာနနာယက ဘဒ္ဒန္တကုန္ဒစက္က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) မထေရ်မြတ်သည် တောင်ပုလုဆရာတော်ကြီး၏ ဥပနိဿယကျင့်စဉ်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတရားတော်များကို ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ပဲခူးမြို့ ဥဿာမြို့သစ် ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ တရားရိပ်သာအကျိုးဆောင်အဖွဲ့၊ တောင်ပုလုတရားရိပ်သာ၊ ဖုန်း ၀၅၂- ၂၁၆၀၀သို့ ကြိုတင်စာရင်းပေးသွင်းနိုင် ကြောင်း သိရသည်။(က-ပ)

## အခြေခံမီးသတ်မွမ်းမံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၇

သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ၏ (၁/၂၀၀၇)အခြေခံမီးသတ်မွမ်းမံ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၁၂ရက် နံနက်ပိုင်းတွင် အဆိုပါပင်မ အလုပ်ရုံဝင်းအတွင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမြင့်ဆွေနှင့်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်မြင့်ဆွေတို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် အကောင်းဆုံးမီးသတ်သင်တန်းသားဆု၊ ယာဉ်/ယန္တရားပြင်ဆင်ရေးလုပ်သား ထူးချွန်ဆု၊ ထောက်ပံ့ထူးချွန်ဆုရရှိသူများနှင့် ၂၀၀၆ ခုနှစ် ရှောင်တခင် ခွင့်ခံစားမှုမရှိသူ ဂုဏ်ပြုဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



ကွယ်လွန်သူ ဒေါ်အနီအား ရည်စူး၍ မအူပင်မြို့ ဘုရားလမ်းနေ ကိုတွာတူး-မတူးတူး မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်လေးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

❍ နိုင်ငံတော်မှ
ထိတုမင်္ဂလာသြဘာစာတမ်းကိုလည်းကောင်း၊ အဆိုတော် ဒလဝေဝေက ဦးမင်းကြည် (ဓမ္မာစရိယ၊ဘီအေ) သီကုံးရေးသားသော ပိုဒ်စုံရတုကိုလည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက် နာယက စာချ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တ ဉာဏိဿရက ဒွိပိဋကဓရေဘွဲ့ရ ဘဒ္ဒန္တ ဝေပုလ္လာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြား ပူဇော်သည်။

ထို့နောက် လူမှုထူးချွန်(ပထမဆင့်) မဟာသဒ္ဓမ္မဇောတိကဓဇ အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)သီကုံးရေးသားသော လူးတား ညှပ်ထပ်တွန့် (၈၀)ပေါ်တေးထပ်ကို ဖတ်ကြား သီကျူး ပူဇော်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်တို့အား ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တောတိုက်ဓမ္မရိပ်သာ စာချဆရာတော် ဘဒ္ဒန္တ ဝိသုတာလင်္ကာရက အနုမောဒနာ စာတမ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေ ဘုံစံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရ သက်တော်(၇၅)နှစ်ပြည့် အထိမ်းအမှတ် ဝိဇာတမင်္ဂလာစိန်ရတုသဘင်အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဟသ်ာတ–ကြံခင်း ရထားလမ်းပိုင်းရှိ ဖားတစ်ရှည်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)





# ကြံခင်း–ဉသျှစ်ပင် ရထားလမ်းဖောက်လုပ်နေမှုနှင့် ဖားတစ်ရှည်းတံတားတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

နေပြည်တော် မတ် ၁၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်းတို့ လိုက်ပါလျက် မတ် ၁၆ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဉသျှစ်ပင်ရှိ ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကြံခင်း–ဉသျှစ်ပင်လမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ ကြံခင်း–သရက်လမ်းပိုင်းစီမံကိန်း အင်ဂျင်နီယာ ဦးမျိုးဝင်းက ရထားလမ်းပိုင်း မြေသားတာပေါင်လုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ဘူတာအဆောက်အအုံ မြေနေရာပြုလုပ်ခြင်းလုပ်ငန်းနှင့် ရထားလမ်းအတွက် အထောက်အကူပြု ပစ္စည်းများ သယ်ယူစုဆောင်းထားရှိမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်၍ တင်ပြသည်။**

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က ကြံခင်း–ဉသျှစ်ပင် ရထားလမ်း ဝဲ၊ယာရှိ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ငါးရပ် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ကြံခင်း–ဉသျှစ်ပင် လမ်းပိုင်းတွင်မြေသားတာပေါင်လုပ်ငန်းများ ၉၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ရာနှုန်းပြည့်ပြီးစီးစေရန်အတွက် ဝန်ထမ်းများက ပူးပေါင်း၍ ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းသုံး အထောက်အကူပစ္စည်းများကို လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ရန် မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကြံခင်း–ဉသျှစ်ပင် ရထားလမ်းပိုင်းရှိ ကျောက်ဖူးချောင်းတံတား၊ သူရဲတန်းတံတားနှင့်ခဝါချောင်းတံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရထားလမ်း မြေသားတာပေါင်များ ဆောင်ရွက်ခြင်းနှင့် ဘူတာမြေနေရာများ မြေပြုပြင်ဆောင်ရွက်ခြင်းတို့ကို ရထားလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံ စစ်ဆေးခဲ့ပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ကြံခင်း–ဉသျှစ်ပင်လမ်းပိုင်းသည် စုစုပေါင်း မိုင် ၄၀ရှည်လျားပြီး မြေသားလုပ်ငန်းအနေဖြင့် တူးမြေ ၄၇၀၁၅၀ ကျင်းနှင့် ဖို့မြေ ၅၃၀၀၈၉ ဒသမ ၈၂ကျင်း ဆောင်ရွက်ရန်ဖြစ်ပြီး ယနေ့အထိ မြေသားတာပေါင် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ထိုလမ်းပိုင်းတွင် ဘူတာခြောက်လုံးပါရှိပြီး ဧရာဝတီတိုင်းအတွင်း၌ နှစ်လုံးနှင့် ပဲခူးတိုင်းအတွင်း၌လေးလုံး တည်ဆောက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဖားတစ်ရှည်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဝန်ကြီးက ဖားတစ်ရှည်းတံတားသည် မကြာမီရက်ပိုင်းအတွင်းတွင် ဖွင့်လှစ်တော့မည်ဖြစ်၍ ဝန်ထမ်းအားလုံးက အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစား၍ ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါဖားတစ်ရှည်းတံတားသည် ဟသ်ာတ–ကြံခင်း ရထားလမ်းပိုင်း မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင် ၁၇၂/၁၄–၁၅ တွင် တည်ရှိပြီး အရှည် ၄၆၉ ပေ ရှည်ကာ ရထားလမ်းအပြင် တန် ၃၀အထိရှိသော ကားများပါ ဖြတ်သန်းနိုင်သည့် ရထားလမ်း၊ ကားလမ်းတံတား အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



# ရိုးရာပန်းပညာရှင်များ အစည်းအရုံးရန်ပုံငွေများလှူဒါန်း

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ်၌ ပြပွဲများပြုလုပ်ခဲ့ကြသည့် မြို့နယ် အစည်းအရုံးများသို့ ရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အစည်းဝေးခန်းမ၌ ယနေ့ ကျင်းပရာ အင်းစိန်၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ တာမွေ၊ ရန်ကင်း၊ သာကေတ၊ ဒဂုံဆိပ်ကမ်း၊ လှိုင် စသည့်မြို့နယ်များမှ အစည်းအရုံးဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်**(ဝဲပုံ)**က မြို့နယ်အသီးသီးသို့ရန်ပုံငွေကျပ် ၂၃၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(က–ပ)

# ဓမ္မရက္ခိတ ဓမ္မာရုံ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၇

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဒဂုဏ်သီရိလမ်းနှင့် သြဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတ ဓမ္မာရုံတွင် သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမဦးစီး၍ မဟာပဋ္ဌာန်းဝိပဿနာ အလုပ်ပေးတရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ငါးရက် ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် ယောဂီ ၅၀ သာ လက်ခံမည်ဖြစ်ပြီး အထက်ပါဓမ္မာရုံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားဝင် ယောဂီများသည် ဧပြီ၂ရက် ညနေအရောက်လာရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

# မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မတ် ၂၄ရက်မှ ၂၈ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။(က–ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၃–၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ကိုးကွယ်တတ်မှအမြတ်ရ တရားတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ) (ရွှေလင်းယုန်ဆရာတော်) |
| ၈း၂၀ | အောင်စေတီဆရာတော် ဘဒ္ဒန္တ စတိလ၏ သာသနာပြုမှတ်တမ်း |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | Sunday Talk ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)၊] |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား |
| ၉း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | မွန်မြတ်အလှူကုသိုလ်ယူ |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ | မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ကရဝိက်ဥယျာဉ်) |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စက်မှုဒီဇိုင်း) (ဒေါက်တာမိုးမိုးသွယ်) |
| ၁၁း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၄၀ | ရှုမငြီးစရာပုသိမ်ထီးကမ္ဘာ |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်) |
| ၁၂း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၃၀ | မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၅၀ | မောမြေရဲ့အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း) (လွိုင်လင်ခရိုင်) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက် (၁) | 5-Sports |
| ၇း၃၀ | ပွဲကြိုသုံးသပ်ချက် (၂) | 5-Sports(Live) |
| ၇း၅၄ | Charlton - Newcastle | 5-Series(Live) |
| ၈း၀၀ | Aston Villa - Liverpool | 5-Sports(Live) |
| ၁၀း၂၅ | Everton - Arsenal | 5-Sports(Live) |

# တရုတ်မှလျှပ်စစ်ဓာတ်အား ဗီယက်နမ်ဝယ်ယူမည်

**ဟန္နွိုင်း မတ် ၁၆**

ဗီယက်နမ် နယ်စပ်ပြည်နယ်များသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ဗီယက်နမ် အစိုးရက တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အားဝယ်ယူမည်ဖြစ်ကြောင်း ဗီယက်နမ်အီကိုနောမစ်တိုင်းမ် သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံပိုင် လျှပ်စစ်စွမ်းအင်ဌာန(အီးဗွီအင်)လက်အောက်ရှိ အမှတ်(၁)စွမ်းအင်ကုမ္ပဏီသည် တရုတ်နိုင်ငံတောင်ပိုင်း လျှပ်စစ်စွမ်းအားဌာန လက်အောက်ရှိ ယူနန်လျှပ်စစ်စွမ်းအားဌာနနှင့် ရက်အနည်းငယ်အတွင်း စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်သည်။ လာမည့်ခြောက်သွေ့ရာသီအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့နည်းချိန်တွင် လျှပ်စစ်ကီလိုဝပ်နာရီ သန်း ၅၀ကို တရုတ်နိုင်ငံမှ ဝယ်ယူကာ ဗီယက်နမ်မြောက်ပိုင်းရှိ လိုင်ချောပြည်နယ်သို့ ဖြန့်ချိမည်ဖြစ်သည်။

ယခုအခါတွင် အီးဗွီအင်က ဗီယက်နမ်မြောက်ပိုင်းရှိလောက်ကိုင်၊ ဟာဂျန်နှင့် ကွမ်နင်း ပြည်နယ်သုံးခုအတွက် တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အားပမာဏကီလိုဝပ်နာရီ သန်း၂၀၀ကို ဝယ်ယူခဲ့သည်။ ယင်းပမာဏသည်လျှပ်စစ်စွမ်းအားစုစုပေါင်းပမာဏ၏ ၂ရာနှုန်းဖြစ်ပြီး တစ်ကီလိုဝပ်လျှင် အမေရိကန် ၄ဒသမ ၅ဆင့်နှုန်းဖြင့် ဝယ်ယူခြင်းဖြစ်သည်ဟုသတင်းစာကရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




**၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်အတွက် လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားသည့် ပေကျင်းမြို့တွင်း မြင်ကွင်းကို မတ် ၁၅ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်တွင် ဂျမ်ဘိုလေယာဉ်ထုတ်လုပ်ရေးစီမံကိန်း ဆောင်ရွက်မည်

**ပေကျင်း မတ် ၁၆**

တရုတ်နိုင်ငံသည် ဂျမ်ဘိုလေယာဉ်ထုတ်လုပ်ရေး စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မတ် ၁၆ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်မြို့ပြလေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်းကော်ပိုရေးရှင်းအောက်ရှိ သိပ္ပံနှင့်နည်းပညာဌာနသည် ဂျမ်ဘိုလေယာဉ် ထုတ်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများမှာ ချောမွေ့လျက်ရှိကြောင်း၊၂၀၁၀ပြည့်နှစ်ထက် နောက်မကျဘဲ တရုတ်ပြည်တွင်း၌ ဂျမ်ဘိုလေယာဉ် စတင်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဌာနက ပြောကြားသည်။

လူလိုက်ပါသော အာကာသယာဉ်စီမံကိန်းများနည်းတူ လေယာဉ်ကြီးများထုတ်လုပ်ရေးစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အရေးပါကြောင်း မြို့ပြလေကြောင်း သိပ္ပံပညာရှင် လျူကပြောကြားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စီမံကိန်းများကို ပိုမို အကောင်အထည်ဖော်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် ၁၉၇၀ပြည့်နှစ်က ဂျမ်ဘိုလေယာဉ် တည်ဆောက်ရန် စီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့သည်။ ဥရောပနိုင်ငံများက အဲဘတ်စ်လေယာဉ် စတင်ထုတ်လုပ်ခဲ့ပြီးနောက် နှစ်နှစ်အကြာတွင် ဂျမ်ဘိုလေယာဉ်ထုတ်လုပ်ရေး စီမံကိန်းတစ်ရပ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းကာလ၌ စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပေ။

***အင်တာနက်။***



**ရုရှားနိုင်ငံ မော်စကိုမြို့ ပုရှကင် အနုပညာပြတိုက်ရှိ ပြခန်းတစ်နေရာကို မတ် ၁၆ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ဘူလ်ဂေးရီးယားနယ်စပ်တွင် ဘိန်းဖြူ ၁၆၃ကီလို သိမ်းဆည်းရမိ

**ဆိုဖီယာ မတ် ၁၆**

ဘူလ်ဂေးရီးယားနိုင်ငံ အကောက်ခွန် အရာရှိများသည် နယ်စပ် စစ်ဆေးရေးဂိတ်တစ်နေရာ၌ ဩစတြီးယားနိုင်ငံသို့ ဦးတည်မောင်းနှင်နေသည့် ကုန်တင်ကားတစ်စီးပေါ်၌ ဝှက်၍ သယ်ဆောင်လာသော ဘိန်းဖြူ၁၆၃ကီလိုကို သိမ်းဆည်းလိုက်ကြောင်း အကောက်ခွန်ရုံးက တနင်္ဂနွေနေ့တွင် ကြေညာသည်။

အဆိုပါ ကုန်တင်ကားပိုင်ရှင်မှာ အသက် ၄၂နှစ်ရှိ တူရကီနိုင်ငံသားတစ်ဦးဖြစ်ကြောင်း၊ ၎င်းကို ဖမ်းဆီးထားကြောင်း အကောက်ခွန်ရုံးက ဖော်ပြသည်။ သိမ်းဆည်းရရှိသည့် ဘိန်းဖြူတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၂၀ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



## ဘိန်းဖြူ ၁၀၇ကီလို တူရကီ၌ သိမ်းဆည်းရမိ

**အန်ကာရာ မတ် ၁၆**

တူရကီ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံအရှေ့တောင်ပိုင်း နူဒါဂီမြို့၌ ဘိန်းဖြူ ၁၀၇ကီလိုကို တနင်္လာနေ့တွင် သိမ်းဆည်းရမိကြောင်းအနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်များသည် သတင်းရရှိသဖြင့်ဂါဇီယန်တက်-နူဒါဂီအဝေးပြေးလမ်းမကြီးပေါ်တွင်ကုန်တင်ကားတစ်စီးကို ရပ်တန့်ရှာဖွေရာမှ သယ်ဆောင်လာသော ဘိန်းဖြူ ၁၀၇ကီလိုကို တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ထိုင်းနိုင်ငံမြောက်ပိုင်း၌ တောမီးများလောင်ကျွမ်း

**ဗန်ကောက် မတ် ၁၆**

ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသ၌ လောင်ကျွမ်းလျက်ရှိသော တောမီးများ အခြေအနေသည် သီတင်းနှစ်ပတ်ကြာသည့်တိုင်အောင် ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲဖြစ်နေရာ အနီးဝန်းကျင်ဒေသများသို့ပါ ကူးစက်လောင်ကျွမ်းနေကြောင်း သတင်းများက ဖော်ပြသည်။

ချင်းမိုင်ဒေသနှင့် မဲဟောင်ဆောင်ဒေသတို့တွင် တောမီးအဆိုးရွားဆုံးလောင်ကျွမ်းနေသည့်အတွက် ယင်းဒေသများတွင် မိုးတုရွာချနိုင်စေရေးအတွက် ထိုင်းလေတပ်လေယာဉ်များက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် လေထုအတွင်း စိုထိုင်းဆ မြင့်တက်လာကာ တောမီးလောင်ကျွမ်းမှုကို လျော့ကျစေပြီး မီးခိုးမြူ လေထုအတွင်းများပြားနေသည့် အခြေအနေကိုလည်း နည်းပါးသွားစေလိမ့်မည်ဟု မျှော်လင့်ထားသည်။

မီးသင့်သောဒေသများ၌ တောမီးကြောင့် မီးခိုးမှုန်များ ဆိုင်းနေသည်မှာ သီတင်းနှစ်ပတ်ရှိသွားပြီဖြစ်၍ ယင်းဒေသနေသက်ကြီးရွယ်အိုများမှာအသက်ရှူခက်ခဲသည့်ဝေဒနာ၊ မျက်စိယားယံသည့်ဒုက္ခနှင့် လည်ချောင်းယောင်သည့် ရောဂါများကို ခံစားနေရကြောင်း ထိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။

ယခုအခါ ယင်းတောမီးသည် ချင်းမိုင်ဒေသ၊ မဲ့ဖာလောင်ဒေသနှင့် မယ်ဆိုင်ဒေသများသို့ပါ ကူးစက်လာနေကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ယူရီးယားဓာတ်မြေဩဇာများ ဗီယက်နမ် ဝယ်ယူတင်သွင်းမည်

**ဟန္နွိုင်း မတ် ၁၆**

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၉၀၀၀၀၀ တင်သွင်းရမည်ဟု ခန့်မှန်းကြောင်း စိုက်ပျိုးရေးအေဂျင်စီက မတ် ၁၃ ရက်က ထုတ်ဖော်ပြောကြားသည်။

ထိုပမာဏသည် ယခင်နှစ်က ဝယ်ယူတင်သွင်းသော ပမာဏထက် ၂၇ ဒသမ ၁ရာခိုင်နှုန်း ပိုမိုများပြားသည်ဟုဆိုသည်။ဗီယက်နမ်က လိုအပ်သော ယူရီးယား ဓာတ်မြေဩဇာ ပမာဏသည် တန်ချိန် ၁ဒသမ ၈သန်းရှိမည်ဟု ခန့်မှန်းထားရာ လိုအပ်သော ပမာဏထက်ဝက်ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ်ပထမနှစ်လကာလအတွင်း ပြည်ပမှ ဓာတ်မြေဩဇာ အမျိုးမျိုး တန်ချိန် ၄၇၁၀၀၀ကို အမေရိကန်ဒေါ်လာ ၉၇ သန်း ဖိုးဝယ်ယူတင်သွင်းခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆု ကွာလာလမ်ပူလေဆိပ် ချီးမြှင့်ခံရ

**ကွာလာလမ်ပူ မတ် ၁၆**

မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်သည် နိုင်ငံတကာလေဆိပ်ကောင်စီ(အေစီအိုင်)က ချီးမြှင့်သည့် ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုကို ထပ်မံဆွတ်ခူးသွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၁၅သန်းမှ ၂၅သန်းအထိ ဝန်ဆောင်ပေးခဲ့ရာတွင် အေစီအိုင်၏ လေဆိပ်ဝန်ဆောင်မှုအရည်အသွေး (အေအက်စ်ကျူ) ဆုနှင့် ထိုက်တန်ကြောင်း ဘနားမားသတင်းဌာနက ဖော်ပြသည်။

ဆုတံဆိပ်ပေးအပ်သည့် အခမ်းအနားကို အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းတွင် ကျင်းပခဲ့သည်။ အေစီအိုင် လေကြောင်းလုပ်ငန်းဆိုင်ရာ ဖိုရမ်အစည်းအဝေးကိုလည်း တစ်ဆက်တည်း ကျင်းပခဲ့သည်။

တစ်နှစ်လျှင် လေကြောင်းခရီးသည် ၁၅သန်းမှ ၂၅သန်းအထိ ဝန်ဆောင်မှုပေးသည့်လေဆိပ်များတွင် အမေရိကန် ဆန်ဒီယေဂိုလေဆိပ်နှင့် ဆွစ်ဇာလန် ဇူးရစ်လေဆိပ်တို့က ဒုတိယနှင့် တတိယအသီးသီးဆုများ ရရှိသည်။

***အင်တာနက်။***



**ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဓာတ်အားပေးစက်ရုံတစ်ရုံကို မတ် ၁၅ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*




ပြင်သစ်နိုင်ငံ တူလုစ်မြို့ရှိ အဲဘတ်စ်လေယာဉ်စက်ရုံမှ လုပ်သား ၁၀၀၀၀ ကို လျှော့ချပစ်သည့်အတွက် ကန့်ကွက်ဆန္ဒပြနေကြသူများကို မတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# စီးပွားရေးဆောင်ရွက်ရန် ပြည်ပကုမ္ပဏီများအား စင်ကာပူဖိတ်ခေါ် လွတ်လပ်စွာကုန်သွယ်ရေးစာတမ်းဖတ်ပွဲ၌ စက်မှုဝန်ကြီး ပြောကြား

**စင်ကာပူ မတ် ၁၆**

စင်ကာပူနိုင်ငံသည် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်(အက်ဖ်တီအေ)၁၁ခု ပြုလုပ်ထားရာ ထိုနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် စင်ကာပူနိုင်ငံ တင်ပို့ကုန်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်း အထက်တန်းအရာရှိတစ်ဦးက မတ် ၁၄ ရက်တွင် ပြောကြားသည်။

**အကျိုးအမြတ်ရရှိ**

ထိုစာချုပ်များကြောင့် စင်ကာပူနိုင်ငံသည် စီးပွားရေး အကျိုးအမြတ်ရရှိနေသည်။ ထို့အပြင် အမေရိကန်-ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်၊ ဂျပန်နှင့် အိန္ဒိယကဲ့သို့သော နိုင်ငံများနှင့် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုထားကြောင်း ယခုနှစ်၏ လွတ်လပ်စွာကုန်သွယ်ရေး စာတမ်းဖတ်ပွဲ၌ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဌာန ဝန်ကြီး လီရီရှန်က ပြောကြားခဲ့သည်။

လွတ်လပ်စွာ ကုန်သွယ်ရေးကြောင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ တိုးတက်လာသည့်အတွက် ကုန်စည်ရောင်းဝယ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်သူများ ပိုမိုသက်သာချောင်ချိမှုရှိလာမည်ဖြစ်ပြီး မူပိုင်ခွင့်ကာကွယ်ရေးတို့အတွက်လည်း အခွင့်အလမ်းများ ခံစားရမည်ဖြစ်သည်။

**ကုန်သွယ်ရေးဝင်ပေါက်**

စင်ကာပူနှင့်စီးပွားရေးဆောင်ရွက်ရန် ပြည်ပကုမ္ပဏီများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ ပြည်ပကုမ္ပဏီများသည် လွတ်လပ်စွာ ကုန်သွယ်ရေး ဝင်ပေါက်သဖွယ်ဖြစ်သော စင်ကာပူနိုင်ငံနှင့် စီးပွားရေးလုပ်ဆောင်လာပါက အခြားသော ဒေသတွင်းနိုင်ငံများသို့ပါတိုးချဲ့ကုန်သွယ်ရန်အခွင့်အလမ်းများ ပွင့်လာမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ ဈေးကွက်၌ တင်ပြ ရောင်းချနေသည့် ဆိုနီကုမ္ပဏီထုတ် ဗီဒီယိုဂိမ်းကစားစက်သစ်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)




# ပြည်ပတွင် အလုပ်လုပ်သည့် ဖိလစ်ပိုင်နိုင်ငံသားများ ပြန်ပို့သည့် ငွေကြေးပမာဏ ဒေါ်လာ ၁ ဒသမ ၁ဘီလီယံရှိ

**မနီလာ မတ် ၁၆**

ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင် နိုင်ငံသူ၊ နိုင်ငံသားများ ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ပေးပို့နေသော ငွေပမာဏသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအထိရှိပြီး လွန်ခဲ့သည့်နှစ်ကထက် ၂၀ ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ကြောင်း ဖိလစ်ပိုင် ဗဟိုဘဏ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

**မြင့်တင်**

အိုအက်ဖ်ဒဗလျူအက်စ် များက ဘဏ်များမှတစ်ဆင့် ငွေတင်ပို့နိုင်စေရန် ဘဏ်များက ကြိုးပမ်းမှုအရှိန် မြင့်တင်ခဲ့ရသည်ဟု ဖော်ပြပါ ဘဏ်အုပ်ချုပ်ရေးမှူး တက်တန်ကိုက သတင်းထောက်များအား ပြောကြားသည်။

ဖော်ပြပါ တင်ပို့ငွေများသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ အီတလီ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဂျပန်၊ ဟောင်ကောင်နှင့် စင်ကာပူတို့တွင် အဓိက အလုပ်လုပ်ကိုင်သူများထံမှ ပို့သည့်ငွေများဖြစ်သည်ဟု ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ပိုမိုရရှိ**

ဖိလစ်ပိုင်က အဆင့်မြင့် ကျွမ်းကျင်လုပ်သားများကို ပြည်ပသို့စေလွှတ်ခဲ့ရာ ငွေကြေး ပိုမိုရရှိခဲ့ပြီး အဓိကအားဖြင့် ဆေးဘက်ကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သတင်းဆက်သွယ်ရေး နည်းပညာကဏ္ဍ လုပ်သားများထံမှ ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲ လူခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၁၆**

အီရတ်အစိုးရ အလုပ်သမားများအား တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးသည် ဘဂ္ဂဒက်မြို့တော်တွင် ကြာသပတေးနေ့က ဗုံးပေါက်ကွဲသဖြင့် လူခြောက်ဦး သေဆုံးသည်။ ဂိုဏ်းဂဏအချင်းချင်းတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ၏လုံခြုံရေးကိုခြိမ်းခြောက်နေသော အန္တရာယ်တစ်ရပ်ဖြစ်နေသည်ဟုသတင်းတစ်ရပ်က ဆိုသည်။

လုံခြုံရေးအစီအစဉ် စတင်ခဲ့သည့် ပထမလအတွင်း ဘဂ္ဂဒက်မြို့တော်တွင် သတ်ဖြတ်မှုများကျဆင်းခဲ့သော်လည်း ခုခံတိုက်ခိုက်ရေး သမားများသည် တိုက်ခိုက်ရေး အရှိန်မြှင့်တင်ရန်အတွက် ဘဂ္ဂဒက်မြို့ပြင်တွင် ပြန်လည်စုစည်းလျက်ရှိသည်ဟု တပ်မှူးများက သတိပေးပြောကြားသည်။

ဂိုဏ်းဂဏအချင်းချင်း နိုင်ငံရေးအာဏာရရှိရန်အတွက် တိုက်ခိုက်နေမှုသည် စစ်ပွဲတစ်ခု၏ အဓိကအချက်တစ်ရပ်အဖြစ် ယခုအခါ ရောက်ရှိနေကြောင်း၊ လုံခြုံရေး အစီအစဉ်ကို ဖေဖော်ဝါရီ ၁၄ရက်က စတင်ပြုလုပ်ခဲ့လင့်ကစား ၂၀၀၇ ခုနှစ်၏ စောစောပိုင်းကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်သည် အရှိန်ကောင်းနေဆဲဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# တိရစ္ဆာန်များ တရားမဝင် လက်ဝယ်ထားသူ မလေးရှား၌ အရေးယူ

**ကွာလာလမ်ပူ မတ် ၁၆**

မလေးရှားနိုင်ငံသား သားရေလုပ်ငန်းပိုင်ရှင်နှင့် ၎င်း၏ လက်ထောက်တို့အား ကန့်သတ်ထားသော တိရစ္ဆာန်ရာပေါင်းများစွာကို တရားမဝင် လက်ဝယ်ထားရှိသည့်အမှုဖြင့် တရားစွဲဆို ထားကြောင်း ဒေသဆိုင်ရာသတင်းစာက မတ် ၁၅ ရက်တွင် ဖော်ပြထားသည်။

ပါဟန်ပြည်နယ်တွင် အဆိုပါသားရေလုပ်ငန်းရှင်ကို စပါးအုံးမြွေသားရေသာ ဝယ်ရန် တရားဝင်ခွင့်ပြုထားသည်။ ၎င်းတို့လက်ဝယ်တွင် ဖွတ် ၇၄၈ ကောင်၊ မြွေ ၂၃၁ ကောင်နှင့် သင်းခွေချပ်အရိုးများကို တောရိုင်းတိရစ္ဆာန်နှင့် အမျိုးသား ဥယျာဉ်ထိန်းသိမ်းရေး တာဝန်ရှိသူများက တွေ့ရှိခဲ့သည်။ လုပ်ငန်းပိုင်ရှင်ကို ဒဏ်ငွေအများဆုံး ရင်းဂစ် ၃၀၀၀ (အမေရိကန်ဒေါ်လာ ၈၅၇ဒသမ ၁၄)သို့မဟုတ် ထောင်ဒဏ် နှစ်နှစ်ချနိုင်ကြောင်း ၎င်း၏လက်ထောက်ကို ရင်းဂစ် ၂၀၀၀ (အမေရိကန်ဒေါ်လာ၅၇၁ ဒသမ ၄၃)ချမှတ်ခြင်း သို့မဟုတ် ထောင်ဒဏ်အများဆုံး နှစ်နှစ်ထိချမှတ်နိုင်သည်။ အဆိုပါအမှုကို စက်တင်ဘာ ၁၈ ရက်တွင် ကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင်နှင်းများထူထပ်စွာကျရောက်သည့်အတွက် လမ်းမပေါ်၌ ရှင်းလင်းနေသည်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဂျပန်နိုင်ငံသား အများစုက အီရတ်ရှိ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းစေလို

**တိုကျို မတ် ၁၆**

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများအတွက် ကူညီဖြည့်ဆည်းပေးထားသော ဂျပန်လေတပ် တပ်ဖွဲ့ဝင်များ၏ တာဝန်ပြီးဆုံးပါက ၎င်းတို့ကို ပြန်လည်ခေါ်ယူပေးစေလိုသည်ဟု ဂျပန်ပြည်သူ သုံးပုံနှစ်ပုံက လိုလားလျက်ရှိကြောင်း ကြာသပတေးနေ့တွင် ဖြန့်ချိသည့် လူထုသဘောထား စစ်တမ်းအရ သိရှိရသည်။

၆၉ ရာခိုင်နှုန်းသော ဂျပန်ပြည်သူတို့က အဆိုပါတပ်ဖွဲ့ဝင်များရုပ်သိမ်းလိုပြီး ၇၅ ရာခိုင်နှုန်းက အီရတ်စစ်ပွဲသည် မှားယွင်းမှုတစ်ရပ်ဟု ပြောကြားကြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ဖွံ့ဖြိုးပြီးနိုင်ငံများ ရေနံသိုလှောင်မှု ကျဆင်း

**ဗီယင်နာ မတ် ၁၆**

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ ရေနံသိုလှောင်ထားရှိမှုသည် ၁၀ နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးကျဆင်းသွားကြောင်း၊ ထိုသို့ ဖြစ်ရသည်မှာ အိုပက်အဖွဲ့ ရေနံထုတ်လုပ်မှုကို လျှော့ချခြင်းကြောင့်ဖြစ်ကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီက မတ် ၁၃ ရက်တွင် ပြောကြားသည်။

ရေနံထုတ်လုပ်မှုပမာဏကို ဆုံးဖြတ်ပေးရန်အတွက် မတ် ၁၅ ရက်၌ ကျင်းပသည့်အစည်းအဝေးသို့ တက်ရောက်ရန် အိုပက်ဝန်ကြီးများသည် ဗီယင်နာမြို့သို့ ရောက်ရှိလာခဲ့ကြသည်။

ကမ္ဘာတွင် ရေနံ သုံးပုံတစ်ပုံကို ထုတ်လုပ်ပေးနေသော အိုပက်အဖွဲ့သည် တစ်နေ့လျှင် ရေနံစည် ၁ဒသမ ၇သန်း လျှော့ချရန် သဘောတူညီထားကြောင်း၊ ယင်းပမာဏသည် စုစုပေါင်း ထုတ်လုပ်မှု၏ ခြောက်ရာခိုင်နှုန်း ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



# “အန်တီစုသို့ အိတ်ဖွင့်ပေးစာ” အန်တီစု လာရာလမ်းကို ပြန်သွားပါ

ဝသသန်

**“ငါးမင်းဆွေမှ ဒေါ်စုကြည်သို့”**ဆိုတဲ့ သတင်းစာဆောင်းပါးကို ဖတ်ရတော့မှ ကျွန်တော်လည်း အန်တီစုအကြောင်းကို ပြန်သတိရ လိုက်မိတယ်။ ကျွန်တော် မှတ်မိသလောက်တော့ ၁၉၈၆ ခုနှစ် ပတ်ဝန်းကျင်လောက်က ဖြစ်မယ်ထင်ပါတယ်။ ပေဖူးလွှာမဂ္ဂဇင်းမှာ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးရေးတဲ့ အန်တီစုရဲ့ အမေ ဒေါ်ခင်ကြည် အကြောင်း ဆောင်းပါးတွေကို ဖတ်ရတော့မှ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိသားစုဆိုတာကို မှတ်မှတ်မိမိ ပြန်သတိပြုမိလာတော့တာပါ။

အဲဒီနောက်မှာ ဆက်တိုက်ပဲ အန်တီစုတို့မိသားစု ရန်ကုန်ပြန် လာခွင့်ရပုံ၊ သားတွေ ရှင်ပြုပေးပုံတွေကို မြင်တွေ့ခွင့်ရ၊ ဖတ်ရှုခွင့်ရပြီး သိခဲ့ရပြန်ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့အရွယ် (၁၅ နှစ်သား) လောက်ရဲ့ အတွေးနဲ့တောင် တော်တော်ခါးခါးသီးသီးနဲ့ အန်တီစုကို မနှစ်ခြိုက်ခဲ့ပါဘူး။ ကလေးအတွေးလောက်နဲ့တင် **“ဟာကွာ ဘယ်လို ကြီးလဲ။ ဒို့ဗိုလ်ချုပ်ရဲ့သမီးတဲ့ကွာ၊ ဘာလို့ နိုင်ငံခြားသားကြီးယူရတာ လဲ။ အဲဒီကလေးတွေကို ဘယ်လိုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက်တွေလို့ ယုံကြည်ပေးလို့ရပါ့မလဲ”**ဆိုပြီး ခါးသီးခဲ့မိရပါတယ်။ အန်တီစုရယ် လုပ်ရက်လေခြင်း၊ ဘယ်လိုအကြောင်းတွေပဲရှိရှိ ဒီလိုမျိုး ကြီးတော့ ကိုယ်ရဲ့မျိုးရိုးဗီဇကို ဖျက်ဆီးမပစ်သင့်ဘူးလို့ လူလားမမြောက် သေးတဲ့ ကလေးအတွေးနဲ့တောင်မှ ကျွန်တော့်မှာ ယူကျုံးမရ ဖြစ်ခဲ့ရ တာပါ။

ဗိုလ်ချုပ်ဆိုတာ ကျွန်တော်တို့ရဲ့ အာရုံတွေထဲမှာတော့ တခမ်းတနား နဲ့ ကြီးမြတ်တယ်လို့ ခံယူထားရှိခဲ့ကြတာပါ။ အခုတော့ ရောက်လေရာ ဘဝကနေ ဗိုလ်ချုပ်သာမြင်ရင် ရင်ကျိုးရမယ့်အဖြစ်မျိုးကို အန်တီစု လုပ်ရက်ခဲ့တာပါ။ အန်တီစုကတော့ ပြောမှာပါ။ ငါဒီအခြေအနေရောက် အောင်၊ ဒီအနေအထားရောက်အောင် ကျုံးသွင်းခံခဲ့ရတာ။ ဖန်တီးခံ ခဲ့ရတာလို့။ ဒါပေမယ့် အဲဒီစကားမျိုးက ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ် အောင်ဆန်းကို ပိုပိုပြီးစော်ကားလိုက်သလိုပဲရှိမှာပါ။ အန်တီစုက လမ်းပေါ်ကလူ မဟုတ်ဘူးလေ။ ယုံကြည်ချက်၊ ခံယူချက်နဲ့ မျိုးချစ်စိတ် အင်မတန်ပြင်းပြတဲ့ ဗိုလ်ချုပ်ရဲ့သွေး၊ ဗိုလ်ချုပ်မျိုးဆက်ပါ။

စောင့်လေမျိုးနွယ်ဆိုတဲ့စကား မကြားဖူးလောက်အောင်များ အန်တီစုရဲ့ ဘဝပေးအခြေအနေက ဆိုးရွားခဲ့လို့လား။ ခဲယဉ်းတဲ့၊ ပင်ပန်းတဲ့ အချိန်ကာလ အကြိမ်ကြိမ်ကို ယုံကြည်ချက်အတွက် တစ်စက်မှ နောက်မတွန့်ဘဲ ဗိုလ်ချုပ်ကျော်ဖြတ်ခဲ့တာဟာ အန်တီစုအတွက် စံနမူနာ မဖြစ်ခဲ့ဘူးလား။ ကြုံရာကျရာနီးစပ်ရာလူတစ်ယောက်ကို လက်ထပ်ပြီး လွယ်လွယ်ကူကူနဲ့ မျိုးရိုးပျက်သုဉ်းခံရလောက်အောင် မဖြစ်သင့်ပါဘူး။ အန်တီစုဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ အဓိကကျတဲ့မျိုးရိုးက ဆင်းသက် ခဲ့တာမဟုတ်ပါလား။

ပေဖူးလွှာမဂ္ဂဇင်းမှာ အန်တီစုတို့မိသားစုဓာတ်ပုံ တွေ့လိုက်ရက တည်းက တခြားသူတွေတော့ မသိဘူး။ ကျွန်တော့်မှာ ငိုချင်တာရော၊ ဝမ်းနည်းတာရော ၊ စိတ်ဓာတ်တွေကျပြီး အားကိုးရာမဲ့သလိုမျိုးကြီးရော အစုံကို ခံစားလိုက်ရတာပါ။ ငါးမင်းဆွေ ရေးထားသလိုပါပဲ။ အဲဒီအချိန် တုန်းက ကျွန်တော်တို့ပြည်သူတွေ မဆလရဲ့ မှားယွင်းတဲ့စီးပွားရေးစနစ် အောက်မှာ မလူးသာမလွန့်သာနဲ့ ကြုံနေကြရတဲ့အချိန်ပါ။ ဆန်ဆိုရင် ပြည်သူ့ဆိုင်မှာတန်းစီထုတ်၊ ဆီဆိုရင်လည်း ထိုနည်းၚင်းနဲ့ စားဖို့သာမက ဝတ်ဖို့နဲ့ နောက်ဆုံးအပ်ချည်လုံးဆိုတာတောင် ပြည်သူ့ဆိုင်က ထုတ်ကုန် စာရင်းမှာ ပါခဲ့တာပါ။ အဲဒီအချိန်မျိုးမှာ ကျွန်တော်တို့ ပြည်သူတွေ ကူကယ်မယ့်သူရှိလိုရှိငြားဆိုပြီး နောက်ဆုံးကောက်ရိုးတစ်မျှင်လို ဗိုလ်ချုပ် မျိုးဆက်ကို မျှော်ခဲ့ကြတာပါ။ ပေါ်မယ့်ပေါ်လာတော့ အန်တီစုက ဓာတ်ပျက်တဲ့ဘဝကို ရောက်နေပြီလေ။

ရှစ်လေးလုံးအရေးအခင်းရဲ့အစဟာ တိုင်းပြည်ဆင်းရဲကျပ်တည်းလို့ ဆန်တစ်ပြည် အစိတ်(၂၅ကျပ်)ဖြစ်သွားလို့၊ ပြည်သူတွေ ငတ်ကုန်လို့ဆိုတာ ထက် အဲဒီအချိန်ရဲ့ အကြိုကာလဖြစ်တဲ့ ၁၉၈၆-၈၇ ပေဖူးလွှာမဂ္ဂဇင်းမှာ ဆက်တိုက်ရေးသားဖော်ပြခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးရဲ့ ဆောင်းပါး တွေကနေ အစပျိုးပေးခဲ့တာပါ။ ပြည်သူအားလုံးရဲ့ စိတ်ထဲကို ဗိုလ်ချုပ်ရဲ့ သွေးဆိုတာ ရှိပါသေးလား။ ငါတို့အားကိုးလို့ရသေးတာပဲ။ မဆလရဲ့ အုပ်ချုပ်ရေး ယန္တရားကိုမကြိုက်ရင် ငါတို့ငြင်းပယ်လို့ရတာပဲဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ဗိုလ်ချုပ်ရဲ့မိသားစုဟာ ဆင်းဆင်းရဲရဲ ပစ်ပယ်ခံ ထားရတာပဲဆိုပြီး ပြည်သူရဲ့မကျေနပ်မှု တွေကို ပေဖူးလွှာဆောင်းပါးများက မီးထိုးပေးခဲ့တာပါ။

ကျွန်တော်တို့အားလုံး အန်တီစုကို မျှော်လင့်ခဲ့ကြတာပါ။ အန်တီစုရဲ့ ရှေ့ကနေ ပြည်သူတွေ၊ ကျောင်းသားတွေအကုန်လုံး စတေးပေးခဲ့ကြတာပါ။ သူ့ရဲ့ကောင်းတစ်ဦးကို တင်မြှောက်သလို မြှောက်စားပေးခဲ့ကြတာပါ။ ဒါပေမယ့် တကယ်တမ်းကျတော့ အများကဆွဲတင်လို့သာ ဘာမှန်းညာမှန်း မသိဘဲ အန်တီစုနေရာရလာခဲ့တာ။ တကယ်တမ်းတော့ အန်တီစုဟာ နိုင်ငံရေးအနှစ်သာရနဲ့ နိုင်ငံရေးနည်းပရိယာယ်များကို ကောင်းစွာ မကျွမ်းကျင်ခဲ့ဘူး။ မရင်းနှီးမယဉ်ပါးခဲ့ဘူးဆိုတာကို ကြာလာလေ မှားသွားပြီမှန်း ပိုသိလေနဲ့ ကျွန်တော်တို့ မှားခဲ့ကြရပါတယ်။

အရေးအခင်းကာလက ရန်ကုန်မြို့ရဲ့ကုန်သွယ်ရေးရုံးက ပြဿနာ မျိုးလေးမှာတောင်၊ သွေးကြွစိတ်လှုပ်ရှားပြီး ရမ်းကားချင်နေတဲ့လူအုပ်ကို တောင် အန်တီစုမထိန်းနိုင်ခဲ့ဘူး။ ကျွန်တော်မှတ်မိသလောက်တော့ အဲဒီ အချိန်က အဲဒီဖြစ်စဉ်မှာ ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့ကြလို့ လူတစ်ဦး တစ်ယောက်မျှ အသက်မဆုံးရှုံးခဲ့ရပါဘူး။ အရေးအခင်းကာလမှာ ပြည်သူ တွေရဲ့အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် ထိခိုက်နစ်နာမှု မရှိအောင် အန်တီစုဘာများစီမံပေးနိုင်ခဲ့ပါသလဲ။ တရားပွဲတွေလုပ်မယ်။ ပြည်သူကို သွေးကြွစေမယ်၊ ဓားစာခံလုပ်ခိုင်းတယ်။ လုံခြုံတဲ့နောက်ကွယ်မှာ ဘေးရန် ကင်းစွာနဲ့အန်တီစုက ညွှန်ကြားတယ်။ အဲဒီအချိန်က ပြဿနာကိုလည်း မရှင်းနိုင်ခဲ့ဘူး။ ကျွန်တော်တို့တစ်တွေ အများကြီးဆုံးရှုံးခဲ့ပြီး ဓားစာခံ ပေးခဲ့ပေမယ့်လည်း ရရှိလာတဲ့အခွင့်ကောင်းကို အန်တီစု ပါးပါးနပ်နပ် အသုံးမချနိုင်ခဲ့ဘူး။

**နိုင်ငံရေး၊ နိုင်ငံရေးနဲ့ပဲအော်နေပြီး ပြည်သူတွေအတွက်ကောင်းမွန် တဲ့ အခြေအနေတစ်ရပ်ကို အန်တီစုဖန်တီးမပေးနိုင်ခဲ့ပါဘူး။ နိုင်ငံရေး အတွက်ပဲ လိုအပ်ရင်ဘယ်သူနဲ့မဆို ပေါင်းရလိမ့်မယ်ဆိုပြီးတော့ ကျွန်တော်တို့ပြည်သူအများစု ဘာမှနားမလည်တဲ့ နိုင်ငံရေးကိစ္စတွေနဲ့ပဲ အန်တီစု ခြေရှုပ်နေခဲ့တယ်။ ကွန်မြူနစ်လည်းပေါင်းမှာပဲ။ မျိုးချစ်ရဲဘော် ဟောင်းဆိုလည်းပေါင်းမှာပဲ။ အာဏာယူရမယ်။ အာဏာကိုလွှဲပြောင်းယူ နိုင်ရေးသည်သာ အန္တိမရည်မှန်းချက်ဆိုတာနဲ့ အန်တီစုတစ်ယောက် ဖတ်ဖတ်မောခဲ့တာမို့ ကျွန်တော်တို့ပြည်သူအားလုံး ဒီအချိန်မှာ ရင်ဘတ် နောက်မှာ ကျောပဲကျန်ပါတော့တယ်။**

ပြည်သူအများစုက နိုင်ငံရေးကိုစိတ်မဝင်စားပါဘူး။ နားလည်း မလည်ပါဘူး။ ကျွန်တော်တို့တစ်တွေ လုံလုံခြုံခြုံနေရမယ်၊ အေးအေးချမ်းချမ်း ရှိနေမယ်၊ တရားဥပဒေ စိုးမိုးမှုရှိမယ်၊ အခြေခံစားဝတ်နေရေးပြေလည် နေမယ်ဆိုရင် ပြည်သူအများစုက ဘယ်သူပဲအုပ်ချုပ်အုပ်ချုပ် စိတ်မဝင်စား ပါဘူး။

နောက်တစ်ခုက အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားဆိုတာ ကမ္ဘာ ပေါ်မှာ ဘယ်နေရာမှာမှ လုံးဝဥဿုံစိတ်သဘောထားတူညီကြမယ်၊ ပြောစရာမရှိအောင် စိတ်ကြိုက်ဖြစ်ကြမယ်လို့ မရှိနိုင်ပါဘူး။ မိဘနဲ့ သားသမီးလို ဖြစ်နေမှာပါပဲ။ အုပ်ချုပ်တဲ့သူဟာ မိဘလိုပါပဲ၊ အလိုလိုက်ချင် ပေမယ့် လိုအပ်တဲ့ စည်းကမ်းမျိုးစုံနဲ့ မပျက်မစီးရလေအောင် အုပ်ထိန်းရမှာ ပါပဲ။ တင်းကျပ်တယ်၊ လိုက်နာရခက်ခဲတယ်ထင်ရင် အအုပ်ထိန်းခံသူများ ကလည်း ဝေဖန်ပြစ်တင်ညည်းညူမိမှာပါပဲ။ ဒါဟာ လောကဓမ္မတာ ထုံးတမ်း စဉ်လာတွေပဲမို့လို့ ဘာမှမထူးဆန်းပါဘူးလို့ ပြောရင်လည်းရပါ လိမ့်မယ်။ လောကမှာလုံးဝအပြစ်ပြောစရာမရှိအောင် ပြည့်စုံတဲ့အုပ်ချုပ်ရေး ယန္တရားကို မျှော်လင့်တယ်ဆိုရင်တော့ ကျွန်တော်တို့ သိပ်စိတ်ကူးယဉ် လွန်းရာ ကျနေပါတယ်။

ကမ္ဘာကြီးပေါ်က တခြားအုပ်ချုပ်သူတွေလိုပဲ အခုလက်ရှိ ကျွန်တော် တို့ရဲ့ အစိုးရ၊ အုပ်ချုပ်သူများဟာ ကောင်းကွက်ရော ဆိုးကွက်ပါ ရောထွေးရှိနေမှာပါ။ စက်ရုပ်တွေမှ မဟုတ်တာအန်တီစုရာ။ အန်တီစု ကိုယ်တိုင်ဆိုရင်ရော ခြောက်ပြစ် ကင်းနိုင်ပါ့မလား။ လူသားမှာကောင်းကွက် ရှိသလို၊ ဆိုးကွက်ရှိမှာပါပဲ။ အားသာချက်ရှိသလို အားနည်းချက်ရှိမှာ ပါပဲ။ ဒါဟာဘာမှထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူးလို့ပဲ ထင်ပါတယ်။

**အန်တီစုတစ်ယောက် အလုံးစုံပျက်သုဉ်းရေးကိုပဲ ဦးတည်ကြွေးကြော် နေပြီးတော့ ဘာကြောင့်များ Win-Win နည်းလမ်းကို မကျင့်သုံးနိုင် ဖြစ်နေရလဲဆိုတာ ကျွန်တော်တို့ တကယ်နားမလည်တာပါ။ လိုအပ်တာကို ဖြည့်ပေးမယ်။ မှားနေတာကို မေတ္တာနဲ့ထောက်ပြမယ်။ အုပ်ချုပ်သူများရဲ့ ဦးတည်ချက်ကလည်း တိုင်းပြည်ကောင်းဖို့၊ အန်တီစုရဲ့ရည်မှန်းချက် ကလည်း တိုင်းပြည်ကောင်းဖို့ဆို၊ အဲဒီလို ဘာလို့လက်တွဲပြီး မလုပ်နိုင် တာလဲ။** လူတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း တိုင်းပြည်အပေါ် ယုတ်မာပါစေ။ အန်တီစု မယုတ်မာရဘူး။ မပါရဘူး။ ဘာလို့လဲဆိုတော့ အန်တီစုက ကျွန်တော်တို့ ဗိုလ်ချုပ်ရဲ့သမီးမို့ပါ။ အန်တီစု ကောင်းပေး ရမယ်။ ကောင်းပေးနိုင်ရမယ်။

အန်တီစု ဘာမှလုပ်မပေးနိုင်တော့ဘူးဆိုရင်လည်း ပြန်ပါ။ အန်တီစု လာရာလမ်းကို ပြန်သွားပါ။ ဒီတိုင်းပြည်ကို မခင်တွယ်ဘဲနဲ့၊ တကယ် မချစ်ဘဲနဲ့၊ တကယ်မကောင်းစေချင်ဘဲနဲ့တော့၊ အန်တီစု ကိုယ်တိုင်က ကိုယ့်အိမ်လိုမသတ်မှတ်ဘဲနဲ့တော့ ဒီမှာမနေပါနဲ့တော့။ ဒုက္ခမပေးပါ နဲ့တော့။ အန်တီစုသာ ဒီတိုင်းပြည်ကို ကိုယ့်အိမ်လို့ သတ်မှတ်ရင် ဘယ်သူကမှ ကိုယ့်အိမ်ကို မီးတင်မရှို့ပါဘူး။ ရှို့ခဲ့ရင်လည်း ဦးနှောက် ပုံမှန်မဟုတ်နိုင်တော့လို့ပါ။

အခုတော့ အန်တီစုက ကျွန်တော်တို့တိုင်းပြည်ကို ဖွပ်သထက် ညစ်အောင် တမင်ဖန်တီးပေးနေသလိုပဲ ဖြစ်နေပါတယ်။ အရာအားလုံး အန်တီစု စိတ်တိုင်းကျမှ၊ အရာအားလုံး အန်တီစု စိတ်ကြိုက်အခြေအနေ ဖြစ်မှနဲ့၊ အန်တီစုရဲ့ လိုအင်ဆန္ဒတွေကိုပဲ ရှေ့တန်းတင် ပွဲထုတ်မလာပါ နဲ့တော့။ ကျွန်တော်တို့ မြန်မာစကားမှာ ပြောလေ့ပြောထရှိပါတယ်။ ကောင်းတဲ့အဓိပ္ပာယ်တော့လည်း မဟုတ်ပါဘူး။ “စုသဘော၊ စုသဘော” ဆိုတာဟာ နောက်ဆုံး တိုင်းပြည် တစ်ပါးကျွန်ဖြစ်ရတာပဲဆိုတာကို ရည်ညွှန်းပါတယ်။

**အန်တီစုကို မျှော်လင့်တကြီး အားကိုးခဲ့ဖူးတာ အမှန်ပါ။ ဒါပေမယ့် တစ်နေ့တခြား အခြေအနေဆိုးတွေကြောင့် အန်တီစုရှိနေခြင်းဟာ ကျွန်တော် တို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းနေရသလို ဖြစ်ဖြစ်လာပါ တယ်။ ကျွန်တော်တို့ ငြီးငွေ့နေကြပါပြီ။ ကျွန်တော်တို့ ပင်ပန်းနေကြပါပြီ။ ကျွန်တော်တို့ ပြည်သူတွေ သက်သာရာ ရကြပါစေ။ ဝမ်းဝလို့ ခါးလှကြ ပါစေ။ အားလုံးကို လိုက်မပိတ်ပင်ပါနဲ့တော့။ အားလုံးကို လိုက်မကန့်ကွက် ပါနဲ့တော့။ ကမ္ဘာကြီးပေါ်မှာ မြန်မာဆိုတာကိုပဲရွေးပြီး သိက္ခာမချပါနဲ့တော့။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုးဆိုတာ ကျွန်တော်တို့ တိုင်းပြည်ကို အန်တီစုရောက်လာခဲ့တာကို ရည်ညွှန်းသလို ဖြစ်နေရပါပြီ။**

တိုင်းပြည်ကို ခေတ်မီအောင် သိပ်မကြာတဲ့အချိန်အတွင်း ပြန်တည်ဆောက်လို့ရပါတယ်။ လူတွေရဲ့စိတ်ဓာတ် အောက်တန်းကျ သွားတာကိုတော့ အချိန်အကြာကြီးပေးပြီးမှ ပြန်တည်ဆောက်ယူရပါ လိမ့်မယ်။ အန်တီစုရဲ့ NLDပါတီကကော လုံးဝကောင်းပါတယ်လို့ အာမခံနိုင်လို့လား။ အာဏာမမက်ကြပါဘူး၊ မလိုချင်ကြပါဘူးလို့ ပြောနိုင် ပါရဲ့လား။ နောက်ဆုံးတော့ အာဏာရရေး၊ အာဏာရရေးကိုပဲ တစာစာ တောင်းခံနေတာ မဟုတ်ဘူးလား။ ငါတို့မှ မအုပ်ချုပ်ရရင် မင်းတို့လည်း မအုပ်ချုပ်ရဘူးဆိုတဲ့ ပါးကိုက်ရင် နားပြန်ကိုက်မယ်ဆိုတဲ့ အဆင့်ကနေ တက်မလာတော့ဘူးလား။ အန်တီစုတို့ အုပ်ချုပ်တော့ရော ဘယ်လောက် ပိုကောင်းအောင် လုပ်နိုင်မှာလဲ။ အခုအခြေအနေအတိုင်းရော တိုင်းပြည် တိုးတက်ရာ တိုးတက်ကြောင်း အကြံဉာဏ်တွေ၊ အကူအညီတွေကို အန်တီစု မပေးနိုင်ဘူးလား။ မကူညီနိုင်ဘူးလား။ ဖျက်ဆီးဖို့တောင် တတ်နိုင်ရင် ကောင်းအောင်လည်း အန်တီစု တတ်နိုင်မှာပါ။

အန်တီစုရဲ့ NLD ပါတီကို ပြန်ကြည့်ပါ။ လူကောင်းတွေ ဘယ်လောက်ပါပါသလဲ။ stay ရောင်သလိုမျိုး ပါတီမှာဝင်ပြီး လှုပ်ရှားနေ ကြတာ ဘယ်နှယောက်ပါနေပါသလဲ။ နိုင်ငံရေး ဗဟုသုတ အတွေးအမြင် ခံယူချက်မြင့်မားသူ ဘယ်လောက်ရှိနေပါသလဲ။

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအနှံ့ သွားခဲ့၊ ရောက်ခဲ့ဖူးတာမို့ တွေ့ကြုံရသမျှ NLDကဆိုတဲ့ လူတွေဟာ မဟုတ်တာ အကုန်လုပ်ကြ တယ်ဗျာ။ NLDအခွဲကာပြီးတော့ ငါတို့ကို မဖမ်းရဲဘူး။ အဖမ်းခံရရင် မီဒီယာကနေ ဝိုင်းအော်ပေးမယ်။ ကံကောင်းရင် ချမ်းတောင် ချမ်းသာ နိုင်သေးတယ်ဆိုပြီးတော့ ဥပဒေကင်းမဲ့တဲ့အလုပ်တွေ လုပ်တယ်ဗျာ။ ကြေးစားခယူပြီး အနောက်မီဒီယာတွေကို တိုင်ကြားပေးတယ်ဗျာ။ မဖြစ် စလောက် ပိုက်ဆံလေးတွေနဲ့ကို အရှက်ကင်းမဲ့စွာ အဲဒီအလုပ်မျိုး လုပ်တယ်ဗျာ။ မြို့တိုင်းမြို့တိုင်းက ဝန်ထမ်းတွေဆိုရင် NLDဆို ရွံကြောက်ကြီးကြောက်နေရပြီး အော့နှလုံးနာနေကြတယ်ဗျာ။

အဲဒါ အန်တီစုရဲ့ NLDလား။ အန်တီစုကို အားကိုးခဲ့ကြတာ ဒီလိုမျိုးတွေအတွက်မှ မဟုတ်တာ။ NLDပါတီဝင်ဆိုရင် အားလုံး ကောင်းတာပဲ။ အစိုးရဘက်တော်သားဆိုရင် လူယုတ်မာတွေ၊ အဲဒီလိုမျိုးရော သတ်မှတ်ထားပါသလား အန်တီစု။ အလုပ်မရှိ၊ အကိုင်မရှိ၊ အားတိုင်း ပြဿနာရှာဖို့ပဲ စဉ်းစားနေကြတဲ့ ခပ်ညံ့ညံ့ လူမျိုးတွေရဲ့ လက်ထဲကိုသာ တိုင်းပြည်ရဲ့ အနာဂတ်ကို အပ်နှင်းရမယ်ဆိုရင် ကျွန်တော်တို့ ဗိုလ်ချုပ်က တမလွန်ကနေ ရှက်နေမှာပေါ့ဗျာ။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**☆

အန်တီစုတစ်ယောက် အလုံးစုံပျက်သုဉ်းရေးကိုပဲ ဦးတည်ကြွေးကြော်နေပြီးတော့ ဘာကြောင့်များ Win-Win နည်းလမ်းကို မကျင့်သုံးနိုင်ဖြစ်နေရလဲဆိုတာ ကျွန်တော်တို့ တကယ်နားမလည်တာပါ။ လိုအပ်တာကိုဖြည့်ပေးမယ်။ မှားနေတာကို မေတ္တာနဲ့ ထောက်ပြမယ်။ အုပ်ချုပ်သူများရဲ့ ဦးတည်ချက်ကလည်း တိုင်းပြည်ကောင်းဖို့၊ အန်တီစုရဲ့ ရည်မှန်းချက် ကလည်း တိုင်းပြည်ကောင်းဖို့ဆို၊ အဲဒီလို ဘာလို့လက်တွဲပြီး မလုပ်နိုင်တာလဲ။

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ခလုတ်နှိပ်ကာ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ရုံးအဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အခမ်းအနားသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒေသခံတပ်နယ်မှ ဗိုလ်မှူးခင်မောင်ထူး၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ကို စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင်သန်းဝင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောလှထွန်းနှင့် ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘင်ခရာ၊ အိုးစည်နှင့်ဒိုးပတ်အဖွဲ့များအား ဆုချီးမြှင့်ပြီး ချောင်းဦးမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးသစ်ရှိ စာဖတ်ခန်း၌ ကျောင်းသားလူငယ်များက စာအုပ်စာစောင်များ ဖတ်ရှုနေမှုကို ကြည့်ရှု၍ ပညာ့အလင်းခေတ်စာကြည့်တိုက် (E-Library) အတွင်း ကြည့်ရှုစစ်ဆေးကာ ဖွင့်ပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် မဟာဗောဓိတစ်ထောင်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ စံကျောင်းသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် အတူသွားရောက်၍ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၏ နာယကဆရာတော် ဘဒ္ဒန္တ သောဘိတံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မုံရွာမြို့နယ် ဗောဓိတစ်ထောင် တောင်ပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြား အစီအစဉ်များကို အချိန်ပြည့် ထုတ်လွှင့်ပေးနိုင်ရေး၊ စက်ကိရိယာများ ရေရှည်ခိုင်ခံ့အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စက်ကြံ့ခိုင်မှုပြုလုပ်ရေး၊ စက်ရုံမီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးတို့ကို တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဥဏ်တော် ၄၂၄ပေ၊ ပလ္လင်အမြင့် ၄၄ ပေ၊ စုစုပေါင်းအမြင့်ပေ ၃၈၀ ရှိ လေးကျွန်းစကြာရုပ်တော်မူမြတ်စွာဘုရားကြီးအတွင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၀ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ပညာ့အလင်းပြခေတ်မီ စာကြည့်တိုက် (E-Library) နှင့် စာကြည့်တိုက်အတွင်း ပြသထားသည့် ယင်းမာရတနာ နံရံကပ်စာစောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက် တာဝန်များကို သတ်မှတ်ချက်အတိုင်း အပြည့်အဝအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၂ရက် နံနက် ၇နာရီခွဲတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအခမ်းအနားသို့ ဂန့်ဂေါခရိုင်နှင့် ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ထီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မင်းဘူးဇုန် ဇုန်နယ်မှူး ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဆုချီးမြှင့်ပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ ဖွင့်လှစ်လိုက်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှာ လွှင့်အား ၁၀၀ ဝပ်ရှိပြီး နိုင်ငံတော်က အဆောက်အအုံတန်ဖိုး ငွေကျပ် ၁၆၆သိန်း၊ လွှင့်စက်တန်ဖိုး ငွေကျပ် သိန်း ၃၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ယင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို စတင်ထုတ်လွှင့်ပေးလျက်ရှိပြီး ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၀ တို့မှ ပြည်သူများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)









**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲကို တက်ရောက်အားပေးချီးမြှင့်စဉ်။** (သတင်းစဉ်)

☆စာမျက်နှာ ၆ ဆောင်းပါးမှ

အဲဒါဟာ သူ့ရဲ့မျိုးဆက်လက်ချက်၊ သူ့ရဲ့သွေးက လုပ်နေတာဆိုတာများ မြင်တွေ့ သိခွင့်ရခဲ့ရင် ရှက်တာနဲ့ကို ဗိုလ်ချုပ် အကြိမ်ကြိမ်ပြန်သေမိနေမှာပါ။ ထစ်ခနဲရှိ ပြဿနာရှာ၊ ထစ်ခနဲရှိရန်ရှာ၊ ထစ်ခနဲရှိ ငါတို့ကို ဂရုမစိုက်ရင်၊ ငါတို့ကို ဦးစားမပေးရင် BBC မှာ ပါသွားမယ်။ DVB မှာ ပါသွားမယ်၊ RFA မှာပါသွားမယ်နဲ့ ခြိမ်းခြောက်ကြတာကလည်း အလွန်ပါဗျာ။

ဒါလား အာဏာမမက်တာ၊ ဒါလားအာဏာမမျှော်မှန်းတာ၊ ဒါလား တိုင်းပြည်ကောင်းအောင်လုပ်နေတာ။ ဒီလိုလူတွေလက်ထဲ၊ NLD အရေခြုံရုံကလေး ခြုံထားတာတောင် ဒီလောက် မင်းမဲ့စရိုက်နဲ့ ဥပဒေဘောင်ထဲမှာ စည်းကမ်းမလိုက်နာချင်ကြတဲ့သူတွေ လက်ထဲကို ကျွန်တော်တို့ တိုင်းပြည်ကိုများ အပ်နှင်းလိုက်ရရင် အခုဆိုးလှပါပြီလို့ အန်တီစုအော်နေတာထက်ကို ဘယ်လောက်များ ပျက်စီးခြင်းတွေ စုဝေးသွားမလဲဆိုတာ ကျွန်တော်ဖြင့် ရင်မောလိုက်တာ။

သူများလုပ်တာကို မကောင်းဘူး ထိုင်အော်နေမယ့်အစား ကောင်းတာလေးတစ်ခုလောက် အန်တီစုလုပ်ပြပါလား။ ပြည်သူတွေ ငတ်နေကြပါပြီလို့ အော်နေမယ့်အစား၊ ဘာအကူအညီမှမပေးကြပါနဲ့လို့ အော်နေတာကို ရပ်တန်းက ရပ်ပေးပါလား။ တိုင်းပြည်ရဲ့ စီးပွားရေးတွေ ချွတ်ခြုံကျနေပါပြီလို့ အော်နေမယ့် အစား ဘယ်သူမှမလာကြပါနဲ့၊ မြန်မာပြည်ဆိုတာ ခရီးသွားသင့်တဲ့ တိုင်းပြည် မဟုတ်ဘူးလို့ အန်တီစု ပြောခိုင်း၊ အော်ခိုင်း၊ ကြေညာခိုင်းနေတာကို ရပ်တန်းကရပ်အောင် ကူညီပေးပါလား။ ဗိုလ်ချုပ်မျက်နှာထောက်ထားပြီး တိုင်းပြည်အတွက် ကောင်းကျိုးပြုတာလေး တစ်ခုတလေ ရှိဖူးသွားအောင် လုပ်ပေးပါလား အန်တီစုရယ်။

**အန်တီစုတို့ရဲ့ ပါတီတွင်း အကွဲအပြဲဇာတ်လမ်းတွေ၊ ပါတီတွင်း မညီညွတ်မှုတွေ၊ ပါတီတွင်း အရှုပ်အထွေးတွေ၊ အာဏာခွဲဝေလုယူမှုတွေကို အမျိုးသားရင်ကြားစေ့ရေးဆိုတာထက် ဦးစားပေးလုပ်ဆောင်ပြပါ။ တိုင်းပြည်တစ်ခုလုံးကိုတောင် အုပ်ချုပ်ဖို့မှန်းထားရင် ကိုယ့်ပါတီကလေးကို ကိုယ်အရင် ငြိမ်ဝပ်ပိပြားအောင်၊ ဒီမိုကရေစီဆိုတာ စည်းမဲ့ ကမ်းမဲ့ မင်းမဲ့စရိုက်မဟုတ်ဘူး ဆိုတာ အရင်သင်ပြပေးပါဦး။**

ကျွန်တော် ဒီလိုတွေရေးတော့ အန်တီစုလူတွေက ထင်မှာပဲ၊ အစိုးရလူ၊ အစိုးရကပ်ဖားနေတဲ့သူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးကလူ၊ နေရာကောင်းရချင်လို့ ဖားတာလို့မြင်မှာပဲ။ တကယ်တော့ ကျွန်တော်က သာမန်ပြည်သူတစ်ယောက်ပါ။ NLD ကို မဝင်သလို ကြံ့ခိုင်ရေးကိုလည်း မဝင်ပါဘူး။ ကိုယ်မယုံကြည်တဲ့စာကို မရေးဘဲ ကိုယ်ယုံကြည်တာကိုပဲ ရေးလိုက်တဲ့ သာမန်အောက်ခြေက ပြည်သူတစ်ဦးပါ။ အစိုးရဘက်တော်သား မဟုတ်သလို NLD ကိုလည်း လက်မခံနိုင်တော့တဲ့သူပါ။ ကြာလာလေ ပိုသိလေလေ ဆိုတာလိုမျိုး စရိုက်ပျက်နေတဲ့ NLD ကို လုံးဝ လက်မခံချင်တော့လို့သာ ဒီလိုစာမျိုးကို ကိုယ့်ဆန္ဒနဲ့ကိုယ် ရေးတာပါ။

**အချိန်ကာလတွေအများကြီး ကျွန်တော်တို့ဆုံးရှုံးခဲ့ရပြီးပါပြီ။ ဘာတစ်ခုမှ မလုပ်နိုင်သလို ဘာတစ်ခုမှလည်း ဖြစ်မလာပါဘူး။ တိုင်းပြည်က ဘယ်သူ့အကူအညီမှမရဘဲ ကြိုးစားရုန်းကန်နေရချိန်မှာ ဝင်လာသမျှ အပေါက်အားလုံးကိုလည်း အန်တီစုက လိုက်ပိတ်ထားခဲ့တယ်။ ပြည်သူတွေကို နည်းနည်းဖြစ်ဖြစ် ပြန်ကြည့်ပေးပါ။ နည်းနည်းဖြစ်ဖြစ်ပြန်ပြီး ငဲ့ညှာပေးပါ။ အာဏာကိုပဲ ဦးတည်ချက်ထားနေတာကို စွန့်လွှတ်ပေးပြီး တိုင်းပြည်ကောင်းအောင် ကြိုးစားပေးပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းနိုင်သမျှ ကူညီပေးပါ။ ဒါပေမယ့် အန်တီစု မကူညီချင်နေပါ၊ ကျွန်တော်တို့တိုင်းပြည်ကို မနှောင့်ယှက်ပါနဲ့တော့၊ မဖျက်ဆီးပါနဲ့တော့၊ အန်တီစုအတွက် တိုင်းသူပြည်သားတွေ ပိုပြီးဝန်မပိပါစေနဲ့တော့၊ ဒီလိုမှ မဟုတ်ရင်လည်း အန်တီစု လာရာလမ်းအတိုင်းပြန်ပြီးသာ အေးအေးဆေးဆေး နေပါတော့။ ကျွန်တော်တို့တွေ ပင်ပန်းလှပါပြီ။ ။**

## အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန် ၁၀ ရက်စခန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ ရက်အထူးတရားစခန်းပွဲကြီးကို ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက် ဧပြီ ၈ရက် တနင်္ဂနွေနေ့မှ ကဆုန်လဆန်း ၂ရက် ဧပြီ ၁၇ရက် အင်္ဂါနေ့အထိ ကျင်းပသွားမည်။ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ (က-ပ)

## ၃၈ လမ်းဓမ္မပူဇာတရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်း(အောက်လမ်း) ဗုဒ္ဓဝိဟာရ ဓမ္မာရုံကြီးတွင် နိုင်ငံကျော် ဓမ္မကထိကဆရာတော်များ၏ ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် အထူးတရားပွဲများကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မတ် ၂၃ ရက် ည ၇နာရီတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတအရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ မတ် ၂၄ ရက် ည ၆ နာရီခွဲတွင် မဇ္ဈိမဂုဏ်ရည်အရှင်ကောဝိဒ (Ph.D)၊ မတ် ၂၅ ရက် ည ၆ နာရီခွဲတွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟသ်ာ) (၁၀ ဘွဲ့ရ)၊ မတ် ၂၆ ရက် ည ၇နာရီတွင် အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ)တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✱ ရှေ့ဖုံးမှ

ဆက်လက်၍ ခရိုင်ဆည်မြောင်း ဦးစီးဌာန မန်နေဂျာ ဦးကျော်ကျော်နိုင်၊ ခရိုင်မြေစာရင်းဦးစီးဌာန မန်နေဂျာ ဦးမျိုးမင်းနှင့် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးချစ်လွင်တို့က ဒေသတွင်းဆည်နှင့် စပါးစိုက်ပျိုးမှု အခြေအနေ၊ လယ်ယာမြေ ဖော်ထုတ်၍ စပါးတိုးချဲ့စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဆိပ်သာကျေးရွာအုပ်စုမှ ဒေသခံပြည်သူများက ဆိပ်သာကျေးရွာအုပ်စု၌ မိုးကာလတွင် ရေဝင်ရောက်သော မြေဧရိယာများ၌ ရေကိုဖောက်ထုတ်၍ သီးနှံစိုက်ပျိုးမြေ ပိုမိုတိုးတက်လာနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သီးနှံစိုက်ပျိုးမှုကို စပါးတစ်မျိုးတည်း မဟုတ်ဘဲ သီးထပ်အဖြစ် အခြားသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးကြပြီး ဝင်ငွေတိုးတက်ရရှိအောင် လုပ်ဆောင်သွားကြရန်နှင့် ဒေသ၏ စိုက်ပျိုးရေး လိုအပ်ချက်များကို ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ညောင်ကုန်းကျေးရွာ နွေစပါးစိုက်ခင်း၌ တောင်သူများ မြေဩဇာကြဲပက်နေမှုနှင့် နွေစပါး ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ရှိ မြို့မ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြကာ မြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နိုင်ငံတော်ဩဝါဒါစရိယ မြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇဝနအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်၏ ကျန်းမာရေးအတွက် လှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းသည်။

## လိုက်လံပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ ဆေးရုံအုပ် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကိုကိုမောင်က ဆေးရုံရှိ ခွဲစိတ်ခန်း၊ ခွဲစိတ်ပြီး လူနာဆောင်၊ အရေးပေါ်လူနာခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေး ဝန်ထမ်းများအား ပြည်သူများကို စေတနာအပြည့်ထားရှိ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တာဝန်များကို ပိုမိုတိုးတက်အောင်မြင်အောင် ထမ်းဆောင်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရွှေကူမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေကူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ ရွှေကူမြို့ရှိ ရပ်ကွက် လေးရပ်ကွက်မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

## ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ရွှေကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရည်မွန်က ဒေသဆိုင်ရာ အချက်အလက်များနှင့် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု အခြေအနေ၊ ရော်ဘာကို ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၇၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၅၁ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ခြံစည်းရိုးကြက်ဆူကို ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဧက ၂၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ၉၃၀၂ ဧက စိုက်ပျိုးနိုင်ကာ ၅၈၇ ဧက အတွက် ပျိုးထောင်ပြီးစီးမှု အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၂၂၄ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၂၆၂ ဒသမ ၂၄ ရာခိုင်နှုန်းရှိမှု အခြေအနေ၊ လူမှုရေး၊ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဗန်းမော်ခရိုင်နှင့် ရွှေကူမြို့နယ်အတွင်း ဆောင်ရွက်ရန် ရှိသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်သို့ လည်းကောင်း၊ ကျောင်းသုံး ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးစိုင်းအုန်းလှိုင်သို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့အား အသင်းဝတ်စုံများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိသည် ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒေသအစိတ်အပိုင်း အသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုသည် များစွာအရေးပါကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ကောင်းမွန်မှုတို့အပြင် ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ပေးမည့် လူ့စွမ်းအား အရင်းအနှီးများ ပြည့်စုံရန်လည်း လိုအပ်ကြောင်း။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့ကြောင့် မိမိဒေသ၏ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးတို့အတွက် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေကူမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေကူမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)





# (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

**(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိကြသည်။**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်ပါဝင်ကာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်အောင်တို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော်နှင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးတို့ ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်တို့ ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းအောင်တို့ ဦးဆောင်သည့် အောင်ဇေယျ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သန်းလွင်နှင့် တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးသက်ဝေတို့ ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်တို့ ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီး နေဝင်းနှင့် တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး အောင်ကျော်ညွန့်တို့ ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စစ်ရေးပြ အမိန့်စဉ်များအတိုင်း စစ်ရေးပြ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)


## သတိပေးနှိုးဆော်ချက်

**ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအား ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းတွင် အဆိုပါကာလအတွင်း ယာဉ်မတော်တဆမှု မဖြစ်စေရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားရှိသဖြင့် ၎င်းရက်သတ္တပတ်ကာလအတွင်း ယာဉ်မတော်တဆမှု မဖြစ်စေရေး မော်တော်ယာဉ်များမှ ဂရုစိုက်မောင်းနှင်ကြပါရန်နှင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။**

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

**❍ ကာကွယ်ရေးမှ**

အဆိုပါအခမ်းအနားများသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံတိုင်းရင်းသား တိုင်းရင်းသူပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငွေဆောင်မြို့စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ကတ္တရာလမ်းသစ်ဖောက်လုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ငွေဆောင်မြို့မှ ရပ်မိရပ်ဖတစ်ဦးက ကတ္တရာလမ်းသစ် ဖောက်လုပ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအားကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများအား လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ယင်းနောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၄၅၀၀၊ အကျယ် ၁၄ပေရှိပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀နှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၈၈သိန်းတို့ ကုန်ကျခံကာ ၂၀၀၆ ခုနှစ်အတွင်း စတင်ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆေးရုံအဝင်မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးတို့က ဖဲကြိုးဖြတ်၍ ပြည်သူ့ဆေးရုံ(ငွေဆောင်)ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ ပြည်သူ့ဆေးရုံ(ငွေဆောင်) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဆေးရုံ၏ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ဆေးရုံသည်အလျား ၁၄၂ပေ၊ အနံ ၁၂၄ပေရှိ ပင်မအဆောက်အအုံနှင့် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ သီးသန့်ခန်း၊ ဆရာဝန်နှင့် သူနာပြုများအခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အစည်းအဝေးခန်းများပါဝင်၍ ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၇ခုနှစ် မတ်လတွင် ပြီးစီးကာ နိုင်ငံတော်က ငွေကျပ် ၁၅၉၈ ဒသမ ၄ သိန်း အကုန်ကျခံ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အလှူငွေနှင့်ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက ပြည်သူ့ဆေးရုံ(ငွေဆောင်) တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းများရှိ ဒေသများကို ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄) ခုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်စီမံကိန်းလုပ်ငန်းကြီးများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ ထိုစီမံကိန်းများတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလည်း အပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပြည်သူများအသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ပညာပေးနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ခြင်း၊ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မြန်မာတစ်နိုင်ငံလုံး၌ ဆေးရုံပေါင်း ၈၃၂ရုံကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ငွေဆောင်မြို့၌ ဖွင့်လှစ်လိုက်သည့် ပြည်သူ့ဆေးရုံသည် ဒေသနေပြည်သူများအတွက်သာမက ငွေဆောင်ကမ်းခြေသို့ အပန်းဖြေလာရောက်ကြသော ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့် ဆေးရုံသုံးပစ္စည်း၊ ဆေးနှင့် ဆေးပဒေသာပင်များကို အလှူရှင်များက လှူဒါန်းကြခြင်းအတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဒေသခံပြည်သူများက ဆေးရုံ ရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပြည်သူ့ဆေးရုံ(ငွေဆောင်)သည် နိုင်ငံတော်က ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးသည့် ၇၇ ခုမြောက်ဆေးရုံဖြစ်ကြောင်း၊ နိုင်ငံတော်က ဆေးရုံအတွက် ဖြည့်ဆည်းပေးသော်လည်း လိုအပ်ချက်များ ရှိနေဦးမည်ဖြစ်ရာ စေတနာရှင်များနှင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဖြည့်ဆည်းပေးရန် လိုဦးမည်ဖြစ်ကြောင်း၊ ဆေးရုံဝန်ထမ်းများအနေဖြင့် စေတနာထားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးကြရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များရှိပါက ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းပေါင်းစပ်စီစဉ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆေးရုံ(ငွေဆောင်)အတွက် အလှူငွေနှင့်ဆေးရုံသုံးပစ္စည်းများအဖြစ် Plam Beach Hotel က ခုတင်လေးလုံးနှင့် ချွဲစုပ်စက်တစ်လုံး၊ ယုဇနကုမ္ပဏီက ဆေးရုံသုံးပစ္စည်းရှစ်မျိုး၊ Sunny Paradise Hotelက အောက်စီဂျင်စက်၊ ချွဲစုပ်စက်နှင့် Nevaliza တစ်ခု၊ ရွှေမိသားစုကုမ္ပဏီက 20 KVA မီးစက်တစ်လုံး၊ မြပင်လယ်ဟိုတယ်က မှိုပိုးသတ်ဆေးဘူး၊ အိုလံပစ်ဟိုတယ် ရောင်ခြည်ထွန်းတောက်ကုမ္ပဏီ၊ Silver View Hotel၊ ရွှေခရဟိုတယ်နှင့်ပုလဲငွေဆောင်ဟိုတယ်၊ ရွှေသဇင်ဟိုတယ်၊ ရွှေဟင်္သာဟိုတယ်နှင့် Plam Beach Hotel တို့က ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပြည်သူ့ဆေးရုံ(ငွေဆောင်)အတွက် စေတနာရှင်၊ အလှူရှင်များ လှူဒါန်းမှုမှာ ဆေးပဒေသာပင်လှူဒါန်းငွေကျပ်သိန်း ၁၀၀နှင့် ငါးသောင်းဖြစ်ပြီး ဆေးရုံသုံးပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၆၈သိန်းဖြစ်၍ စုစုပေါင်းငွေကျပ် ၁၆၈သိန်း ငါးသောင်းဖြစ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့အား တာဝန်ရှိသူများက ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို ပေးအပ်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မှ ပြန်လည်ထွက်ခွာလာကြရာ မတ် ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ချောက်မြို့နယ်အသင်း အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

ချောက်မြို့နယ်အသင်း (ရန်ကုန်) က ကြီးမှူးကျင်းပမည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဧပြီ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်းမရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ် အသင်းဝင်များနှင့် ချောက်မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)





## တန့်ဆည်မြို့ ဒီဂျစ်တယ် လိုင်း၆၀၀ အော်တိုအိတ်ချိန်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ တက်ရောက်

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တန့်ဆည်မြို့ ဒီဂျစ်တယ်လိုင်း ၆၀၀ အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် မတ် ၁၇

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့နှင့်အတူ မတ် ၁၆ ရက်တွင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့ ဒီဂျစ်တယ်လိုင်း ၆၀၀ အော်တိုအိတ်ချိန်းသစ်သို့ ရောက်ရှိပြီး ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ အော်တိုအိတ်ချိန်းသစ် အဆောက်အအုံကို ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက စက်ခလုတ်နှိပ်၍ တန့်ဆည်မြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အမှတ်တရသစ်ပင် စိုက်ပျိုးပေးကြပြီး အိတ်ချိန်းသစ်၌ ဆက်သွယ်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခန်းမ၌ ဖွင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးများက အမှာစကားပြောကြားကြပြီး ဒေသခံများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ အမှတ်တရအလံများ၊ မြို့နယ်၊ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်ပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဘုတလင်မြို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းစခန်းသို့ ရောက်ရှိကြပြီး ဝန်ထမ်းများ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဘုတလင်မြို့အတွက် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဒီပဲယင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပန်းတစ်ပွင့်တောင်ဆရာတော် ပြည်ပသို့ ဓမ္မဒူတခရီးကြွရောက်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယကချုပ်၊ ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းအုပ်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရသည် မလေးရှားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ မတ် ၁၆ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ ဓမ္မဒူတခရီး စတင်ကြွရောက်သွားပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် ရွှေတိဂုံပုံတူစေတီတော် အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၃–၂၀၀၇ (တနင်္ဂနွေနေ့ )**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | "အမှန်ချစ်မှအချစ်မှန်" (ဖြိုးငွေစိုး၊ထက်ရှား၊မေနန်းခေါင်) (ဒါရိုက်တာ–ကြည်စိုး) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၅ | ၆။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၂၀ | ၇။ | (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | Say it in English. |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၃၅ | ၄။ | Yan Can Cook. |
| ၁၁း၅၅ | ၅။ | **မြန်မာရုပ်ရှင် "နှလုံးသားနှင့်စစ်တာဝန်" (ကျော်ဟိန်း၊ ခင်သန်းနု၊ ယဉ်ယဉ်အေး) (ဒါရိုက်တာ–စိန်ဇေတင်)** |
| ၂း၀၅ | ၆။ | စွမ်းရည်တိုးမြှင့် Online Booking.စနစ် |
| ၂း၂၀ | ၇။ | **"မမြင်ကွယ်ရာ" (မောင်မောင်မျိုးသန့်၊ မောင်မောင်မြင့်၊မတူး) [ဒါရိုက်တာ–စိုးဟိန်း (မန်းတက္ကသိုလ်)]** |
| ၂း၃၀ | ၈။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၂း၄၅ | ၉။ | International News. |
| ၃း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)** |
| ၄း၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၄း၅၅ | ၅။ | တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ ခုနှစ်) |
| ၅း၀၅ | ၆။ | (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၅း၂၀ | ၇။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၈။ | ညနေခင်းသတင်း |
| ၆း၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၀။ | သီရိဂေဟာ |
| ၇း၁၅ | ၁၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း–၁၁)** |
| ၈း၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း–၃)** |
| | ၁၆။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# အဓိကရောဂါကြီးသုံးမျိုးလျော့နည်းပပျောက်ရေး နိုင်ငံတော်ကဆောင်ရွက်နေ ရန်ပုံငွေ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁၇

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် မြန်မာနိုင်ငံတွင် အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေး ရန်ပုံငွေ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ တွေ့ဆုံရာသို့ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ အဓိကရောဂါသုံးမျိုး ဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားစီမံချက်များမှ စီမံချက် မန်နေဂျာများ၊ ရောဂါသုံးမျိုးတိုက်ဖျက်ရေး အလှူရှင်အဖွဲ့ဥက္ကဋ္ဌ Mr. Andrew Jacobs နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ထောင်စုနှစ် ရည်မှန်းချက်များ ရရှိပြည့်ဝရေးနှင့် ကျေးလက်တောရွာအောက်ခြေအထိ ကျန်းမာရေး ရည်မှန်းချက်၊ လိုအပ်ချက် ပြည့်ဝရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိက ရောဂါကြီး သုံးမျိုးဖြစ်သည့် တီဘီ၊ ငှက်ဖျား၊ ခုခံအားကျဆင်းမှုရောဂါ လျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က စီမံချက်များချမှတ်၍ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ဆွေးနွေးပွဲ၌ အထူးပြုဆွေးနွေးလိုသည်မှာ အဓိကရောဂါကြီး သုံးမျိုးတိုက်ဖျက်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ် မေလအတွင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် အလှူရှင်အဖွဲ့ဝင် ကိုယ်စားလှယ်များအကြား ညှိနှိုင်းရေးဆွဲထားသည့် အဆိုပြုလွှာပါ လုပ်ငန်းစဉ်များဆောင်ရွက်မှုများအား ဆွေးနွေးမည်ဖြစ်ကြောင်း။

ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေး 3&1 မူဝါဒကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ရောဂါတိုက်ဖျက်ရေးဆောင်ရွက်ကြမည့် အဖွဲ့များအားလုံးသည် အားလုံးသဘောတူညီထားသည့် AIDS action frame work အတွင်း ဆောင်ရွက်သွားရန်၊ ဌာနပေါင်းစုံပါဝင်သောအမျိုးသား ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးညှိနှိုင်းရေးအဖွဲ့ တစ်ခုတည်းထားရှိ ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးနှင့် ဆန်းစစ်ရေးအတွက် စနစ်တစ်ခုတည်းထားရှိ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ယခုကျင့်သုံးသွားမည့်စနစ်ကို ရောဂါသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ အားလုံးအတွက်လည်း အသုံးပြုသွားရန် အားလုံးသဘောတူညီလိမ့်မည်ဟုထင်ပါကြောင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့်တကွ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာများ ချမှတ်ထားကြောင်း၊ အလှူရှင်ဘုတ်အဖွဲ့သို့ တင်ပြလိုသည်မှာ နိုင်ငံတော်အတွင်း အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်း အသီးသီးအနေဖြင့် နိုင်ငံတော်က ရေးဆွဲပြဋ္ဌာန်းထားသည့် ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာများအား လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မလိုလားအပ်သည့် ပြဿနာများနှင့် ဆေးယဉ်ပါးသည့် ပိုးမွှားများ မပေါ်ပေါက်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ရောဂါတိုက်ဖျက်ရေး လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားရန် လိုကြောင်း။

ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ အားလုံးအနေဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်မှုနှင့် အကျိုးရှိရှိဆောင်ရွက်သွားရန် အဓိကအရေးကြီးကြောင်း၊ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် အလှူရှင်အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားရောဂါတိုက်ဖျက်ရေးစီမံချက်များမှ ကိုယ်စားလှယ်များ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသွားသည်။



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံတွင် အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးရန်ပုံငွေ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (ကျန်းမာရေး)

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးရန်ပုံငွေ အလှူရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက အဓိကရောဂါသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်း အသီးသီးအနေဖြင့် နိုင်ငံတော်က ရေးဆွဲပြဋ္ဌာန်းထားသည့် ရောဂါတိုက်ဖျက်ရေးဆိုင်ရာ၊ အမျိုးသားကျန်းမာရေးဆိုင်ရာ နည်းဗျူဟာအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြိုင်မြို့အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မကွေးတိုင်း မြိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြိုင်တန်းမြင့်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ကို ဧပြီ ၃၀ရက်(၁၃၆၉ ခုကဆုန်လပြည့်နေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်သည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေ ဖြင့် ဧပြီ ၂၈ ရက်မှ မေ၁ရက်အတွင်း မြိုင်မြို့သို့ အသွား၊ အပြန် ကားစီစဉ်ထားရာ မတ် ၃၀ ရက် နောက်ဆုံးထားပြီး (ရန်ကုန်) ဒေါ်ခင်ဝင်းနွယ် ဖုန်း ၀၃၁-၂၅၉၉၆၊ ဦးမြင့်မောင်ကျော် ဖုန်း ၀၉-၅၁၁၁၆၃၂၅၊ (မန္တလေး) ဒေါ်လေးမင်း ဖုန်း-၀၂-၃၅၁၇၀၊ ကိုစိုး(မြိုင်ရတနာ)၊ (ပခုက္ကူ) ဒေါ်ဌေးကြည်၊ ပခုက္ကူတက္ကသိုလ်၊ ဦးလှဆောင်၊ ပခုက္ကူ ဟိုတယ်၊ (မြိုင်) ဦးညွှန့် (ကျောင်းအုပ်ဆရာကြီး)တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

## အငယ်တန်းစနူကာ ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်နှင့် Pelican Co., Ltd. တို့ ပူးပေါင်း၍ အငယ်တန်း စနူကာပြိုင်ပွဲကို လမ်းမတော်မြို့နယ် သံဈေး ဘိလိယက်နှင့် စနူကာစင်တာတွင် မတ် ၂၈ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၁၅၀၀ဖြင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်နှင့် သံဈေး ဘိလိယက်နှင့် စနူကာစင်တာတို့တွင် ဝယ်ယူ၍ မတ် ၂၆ ရက် ညနေ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် အမှတ်အများဆုံးထိုးသူဆု ကျပ်ငါးသောင်းချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

**ရန်ကုန် မတ် ၁၇**

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၂၁ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၉မှု အလေးချိန် ၇၃ဒသမ၂၁၁၅ ကီလို၊ ဘိန်းဖြူ ၆၀မှု အလေးချိန် ၁၅ဒသမ၂၄၃၁ ကီလို၊ ဘိန်းဆီ ၁၆မှု အလေးချိန် ၃၃ဒသမ၄၆၀၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၁မှု ၁ ဒသမ ၈၃၆၆ကီလို၊ ဆေးခြောက် ၁၄မှု အလေးချိန် ၀ဒသမ၅၃၂၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃မှု ၆၈၄၆၅ပြား၊ ဘိန်းစာမှုန့် ၁၀ မှု အလေးချိန် ၉ဒသမ၇၇၅၀ ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၈၉ကီလို၊ ဓာတုဆေးရည် တစ်မှု ပမာဏ ၅၃ဒသမ ၇၂၅၀ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၄ဒသမ၂၈၃၅ ကီလို၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှုနှစ်မှုတို့ဖြစ်၍ တရားခံ ကျား ၂၇၀၊ မ ၅၈ဦး စုစုပေါင်း တရားခံ ၃၂၈ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

**ချောင်လေ ဝေးဝေး မူးယစ်ဆေး**

## သံပြားများ ပုံဖိစက်သံဆူညံ

**စာတည်းခင်ဗျား—**

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် အသည်ကြီးရပ် ကုလားတန်းလမ်းတွင် သံပြားအဟောင်း အစများကို လမ်းဘေးတွင်စုပုံပြီး မြင်းကောင်ရေ(၂၅)ကောင်အား စက်ကြီးဖြင့် တစ်နေကုန် ပုံဖိခြင်းပြုလုပ်လျက်ရှိရာ ထိုစက်၏ ဆူညံသံကြောင့် ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက် ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင် ဆူညံမှုမဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

## ပြည်သူ့ထံမှပေးစာ

## မထသ(၂၀၅) ကျုံးကြီးလမ်းအထိ ပြေးဆွဲပေးစေချင်

**စာတည်းခင်ဗျား—**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်မှ ကျုံးကြီးလမ်းအထိ ပြေးဆွဲနေသော မထသ(၂၀၅)မှ ယာဉ်များသည် ညနေ ၅နာရီကျော်လျှင် ကျုံးကြီးလမ်း မှတ်တိုင်ဂိတ်ဆုံးအထိ မသွားဘဲ ပုဇွန်တောင်ဈေးအထိသာ ကားခ အပြည့်ယူပြီး ပြေးဆွဲနေပါသဖြင့် ခရီးသည်များ အခက်အခဲရှိနေပါသည်။

သို့ဖြစ်ပါ၍(၂၀၅)ယာဉ်လိုင်းမှမော်တော်ယာဉ်များ ကျုံးကြီးလမ်း မှတ်တိုင်အထိ ပြေးဆွဲစေရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်များ**

## ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

## ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား—**

မွန်ပြည်နယ် သထုံမြို့နယ် မြသပိတ် လမ်းနှင့် မင်းလမ်းတစ်လျှောက်ရှိ မြောင်းများသည် မိုးရာသီ၌ ရေလွှမ်း လေ့ရှိပါသဖြင့် အဆိုပါ ရေမြောင်းများ ရေစီးရေလာကောင်းစေရေး မိုးမကျမီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သထုံသား**

## အရက်ပုန်းဆိုင် စိစစ်ကြပ်မတ်ပေးပါ

**စာတည်းရှင့်—**

ဒေါပုံမြို့နယ် အောင်ချမ်းသာရပ်ကွက် အောင်သုခလမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် အရက်ပုန်းများ ရောင်းချလျက်ရှိရာညဉ့်နက်သန်းခေါင်အထိ မူးယစ်သောက်စား ဆူညံမှုများကြောင့် လမ်းအတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရက်ပုန်းဆိုင်အား စိစစ်ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

## စားသောက်ဆိုင်မှ ဆူညံမှု စိစစ်ပေးစေလို

**စာတည်းရှင့်—**

ရန်ကုန်မြို့ အလုံမြို့နယ် သီရိမင်္ဂလာအိမ်ရာ ဂဠုန်ရပ်ကွက် တိုက်ခန်းတစ်ခန်းရှိ စားသောက်ဆိုင်တွင် အဖျော်ယမကာများ ရောင်းချလျက်ရှိပါသည်။ ညဉ့်နက်သန်းခေါင် ဆိုင်ပိတ်ချိန်အထိ ဆူညံစွာသီချင်းဆိုခြင်း၊ လာရောက် စားသောက်သူများက အမျိုးသမီး များအား လှောင်ပြောင်ခြင်း၊ အိမ်ရာ မျက်နှာစာတွင် အညစ်အကြေးများ စွန့်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏ ဖြစ်နေပါ၍ အဆိုပါ စားသောက်ဆိုင်အား လိုအပ်သလို စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ရပ်ကွက်သားများ**

## သဲသမွန်ဆိပ်မှ ဆူညံသံကင်းရေး ဆောင်ရွက်ပေးစေလို

**စာတည်းခင်ဗျား—**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အနောက်ဘက်လမ်းအမှတ်(၆)ရပ်ကွက်ရှိ ဓမ္မာရုံကွင်းဘေး၌ သဲသမွန်ဆိပ်ရှိပါသည်။ သဲသမွန်များသည် သမွန်ထဲမှ သဲများကို သဲစုပ်စက်ကြီးများဖြင့် စုပ်တင်လျက်ရှိရာ စက်ကြီးများ၏ ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကောင်းစွာအိပ်စက်၍ မရဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ဆူညံသံကင်းဝေးရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

## စားသောက်ဆိုင်ဆူညံမှု ရှင်းလင်းပြီးစီး

၂၄-၂-၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကလောမြို့နယ် အောင်ပန်းမြို့ပြည်သူ့ဆေးရုံအနီး လမ်းမကြီးရှိ စားသောက်ဆိုင်မှ ဆူညံသံများ စိစစ်ကြပ်မတ်ပေးပါ ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

## မိုးကောင်း—ဖားကန့် ကားဂိတ်ပြောင်းရွှေ့ပေးပြီး

၂၁-၁-၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် **"မိုးကောင်း—ဖားကန့်ကားဂိတ်ပြောင်းရွှေ့ပေးသင့်"** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ပါကြောင်းဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စည်းမျဉ်းဥပဒေနှင့်အညီ တာဝန်သိစွာ ဆောင်ရွက်ကြရေး၊ စာရင်းဇယားများ စနစ်တကျ မှန်ကန်စေရေး စသည်တို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။**



**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အထွေထွေ ဘဏ်လုပ်ငန်း သင်တန်း (အရာရှိ) အဆင့် သင်တန်းအမှတ်စဉ် (၉)တွင် ပထမဆုရရှိသော မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ မန်နေဂျာ ဒေါ်အေးတိုးမြင့်အား ဆုချီးမြှင့်စဉ်။** (ဘဏ္ဍာ/အခွန်)

အာဆီယံ အကောက်ခွန် စည်းဝါးညီ စနစ်တွင် ပါဝင်အကောင်အထည်ဖော်မှုဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် တာဝန်ရှိသူများက အာဆီယံ အကောက်ခွန် စည်းဝါးညီစနစ်တို့ စတင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ရသင့်ရထိုက်သည့် အကောက်ခွန်များ ပြည့်ဝမှန်ကန်စွာ ရရှိရေး ဆောင်ရွက်ရာတွင် လွယ်ကူရှင်းလင်းသည့် လုပ်ငန်းဆောင်ရွက်မှုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် တောင်ငူမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်အခွန်ဦးစီးဌာနမှူးရုံး အဆောက်အအုံ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရန် စနစ်တကျ ကြပ်မတ်သွားကြရန် မှာကြားပြီး ဝန်ကြီးသည် တိုင်း အခွန်ဦးစီးဌာနမှူးရုံး၊ ခရိုင်ဦးစီးဌာနမှူးရုံး၊ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေးနှင့် ဒေသခံပြည်သူများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ အခွန်ပညာပေးစည်းရုံးသွားကြရေး အလေးထား ဆောင်ရွက်ကြရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဘဏ်များအသင်း ဘဏ်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အထွေထွေဘဏ်လုပ်ငန်း သင်တန်း (အရာရှိ)အဆင့် သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းတွင် ထူးချွန်ဆု ရရှိကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍တာဝန်ရှိသူတို့ကသင်တန်းတွင် လာရောက်ပို့ချပေးသည့် ဝါရင့်ပညာရှင်များ၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၈ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ကိုးပတ်ကြာမြင့်သည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန



## ပျဉ်းမနားသစ်ထုတ်ရေးဒေသ သစ်ထုတ်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

### ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနား (မြောက်) သစ်ထုတ်ရေးဒေသ နန်ချိုကြိုးဝိုင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တော)

ရန်ကုန် မတ် ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ပျဉ်းမနား မြို့နယ် ပျဉ်းမနား (မြောက်) သစ်ထုတ်ရေးဒေသ နန်ချိုသစ်ထုတ်ရေးနယ်၊ ခေါ်မသစ်ဆိပ်သို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာန ပျဉ်းမနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သစ်ထုတ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းလွင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စစ်ဆေးမှာကြား**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား(မြောက်) သစ်ထုတ်လုပ်ရေးဒေသ နန်ချိုကြိုးဝိုင်းအတွင်း သစ်ထုတ်နေသည့်နေရာသို့ ရောက်ရှိလာရာ သစ်ထုတ်နေသည့် အရှေ့ရွှေရိုးမကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသမန်နေဂျာ ဦးစောဂျိမ်းကလိုးဝါးတို့က သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို စစ်ဆေးမှာကြားသည်။

ထို့နောက် ဝန်ကြီးက သစ်ထုတ်နေသည့် အခြေအနေနှင့် ကြိုးဝိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ရောင်းချ ငါးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၃၂၇၈ တွဲ ရောင်းချရ ရတနာကုန်သည် ၃၄၁၀ ဦးတို့ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၁၇

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဈေးပြိုင်စနစ်**

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချပွဲ ပဉ္စမနေ့အဖြစ် နံနက် ၉နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄နာရီမှ ည ၇နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၄၂ တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယနေ့ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၇တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ညနေပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိသည်။

**ကျောက်စိမ်းအတွဲများ**

အဆိုပါ ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ရက်မှ မတ် ၁၇ ရက်အထိ ငါးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၃၂၇၈ တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံတို့မှ ရတနာကုန်သည် ၂၀၆၁ဦးနှင့် ပြည်တွင်း နိုင်ငံသား ရတနာကုန်သည် ၁၃၄၉ဦး စုစုပေါင်း ၃၄၁၀ ဦးတို့ တက်ရောက်ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဆဋ္ဌမနေ့အဖြစ် မတ် ၁၈ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း ပြည်ပမှရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၈-၃-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ဝေဟင်ချစ်သူ"** |
| ၁:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၃၀ | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၅။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၅၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၃။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၉)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ပဟေဠိနန်းတော် |
| | ၁၈။ | ကျန်းမာသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ENGLISH PREMIER LEAGUE ဘောလုံးပွဲ** Everton Vs Arsenal |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း Republic of Kalmykia နိုင်ငံမှ ဝန်ကြီးများတွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း Republic of Kalmykia နိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Boris Chedyrov၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Mr. Tatarkhan R. Kubanov နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze တို့ ဦးဆောင်သောအဖွဲ့သည် မတ် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ယသဝတီ (၁၂)လမ်းနေ မောင်ဝင်းကိုလတ်နှင့် မအိအိကျော်တို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ဦးကျော်အေး–ဒေါ်စန်းစန်းရီ၊ မောင်ဇော်လင်းထွေး၊ သမီး မစန္ဒာကျော်၊ မြေး မောင်သူချစ်ဖို့ မိသားစုတို့က အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)





## ပေးအပ်လှူဒါန်း

**ကွယ်လွန်သူ ညီမ ဒေါ်ကြင်ရွှေ၊ တူ ကိုစိုးဦး(ခ)ကိုပေါက်စတို့အား ရည်စူး၍ ဧရာဝတီတိုင်း ဘိုကလေးမြို့ ကမ်းနားလမ်းနေ ဒေါ်ကျင်လှိုင်က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ဝိသာခါ သီလရှင်ကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးအား အမှူးပြု၍ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲနှင့် လှူဒါန်းမှုကို အကြောင်းပြု၍ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၁)ရပ်ကွက် ရတနာလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ကိုယ်စား ဒုတိယဌာနကြီးမှူး ဒေါ်မြမြက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက လှူဒါန်းသော အလှူငွေနှင့်ပစ္စည်းများကို ဒုတိယဌာနကြီးမှူးနှင့် အဖွဲ့ဝင်များက ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်း အုပ်ချုပ်သူ ဆရာကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ကိဿရထေရီနှင့် ဆရာကြီး ဓမ္မာစရိယ ဒေါ်ဇေယျာနန္ဒီတို့ထံ ပေးအပ်လှူဒါန်းကြသည်။

### ဟောပြော

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်ရိုးရိုးက အဆိုပါကျောင်းရှိ သီလရှင်နှင့် ကျောင်းသား ကျောင်းသူများအား **"အသိကို အကျင့်ဖြင့်ပေါင်းပါ"** ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

### စုပေါင်းလှူဒါန်း

ယနေ့ လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို ပြန်ကြားရေးဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေနှင့် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင်များက စုပေါင်းလှူဒါန်းကြပြီး လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၁၂၁၂၀၀ ဖြစ်သည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းအား အမှူးထား၍ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့်အဖွဲ့ဝင်များက ဝိသာခါသီလရှင်ကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းစဉ်။** (သတင်းစဉ်)

# ကျိုက္ကစံလယ်တီ ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင် ဝတ်ပွဲကိုးရက် အဓိဋ္ဌာန်ပွဲကို မြန်မာနှစ်ဆန်း ၂ ရက်၊ ဧပြီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ယင်း ကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရဟန်းတစ်ပါး သင်္ကန်းပရိက္ခရာစုံ ကျပ် ၅၀၀၀၊ သာမဏေ တစ်ပါး သင်္ကန်းပရိက္ခရာစုံ ကျပ် ၄၀၀၀ နှင့် သီလရှင်တစ်ပါး ဝတ်စုံပြည့် ကျပ် ၅၀၀၀ တို့ဖြင့်လည်းကောင်း၊ အလှူပွဲ ကိုးရက် အဓိဋ္ဌာန်ပွဲကြီးတွင် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ ညနေ ဖျော်ရည် ဆွမ်းတို့ကိုလည်းကောင်း လှူဒါန်းလိုပါက ဖြစ်မြောက်ရေးအဖွဲ့ ဖုန်း– ၅၆၀၇၁၀ နှင့် ၅၆၄၇၄၃ တို့သို့ ဆက်သွယ် စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

# မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၁၇**

ပဲခူးတိုင်း မိုးညိုမြို့နယ် လက်ပန်ခုံကျေးရွာ၌ မတ် ၁၆ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၅၀၊ မူလတန်းကျောင်း တစ်ကျောင်းနှင့် တွဲဖက်အလယ်တန်းကျောင်း တစ်ကျောင်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မကွေးတိုင်း မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ မတ် ၁၆ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၆၅ လုံး၊ မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း။

ရခိုင်ပြည်နယ် မြေပုံမြို့ မြောက်ပိုင်းရပ်ကွက်၌ မတ် ၁၇ ရက် မွန်းလွဲ ၂နာရီတွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၉ လုံး၊ ဟာလာစက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၈၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ မန္တလေးတိုင်း ပျဉ်းမနားမြို့ တောင်သာရပ်ကွက်တွင် မတ် ၁၇ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၅လုံး မီးလောင် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်–၃၀၀)သို့ နို့မှုန့်လှူဒါန်း

**ရန်ကုန် မတ် ၁၇**

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀)၌ ဆေးရုံ တက်ရောက်လျက်ရှိသော ကလေးငယ်များအတွက် ရန်ကုန်မြို့ရှိ Mo Asia Co., Ltd. (Dumex) မှ ဒေါက်တာဗျူတီကြည်နှင့် အဖွဲ့က ငွေကျပ် ၁၂၈၀၀၀၀ တန်ဖိုးရှိ နို့မှုန့်များကို မတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀) သို့ လာရောက်လှူဒါန်းရာ ဆေးရုံ တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီး ကျော်ညွှန့်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀) တွင် တက်ရောက်လျက် ရှိသော ကလေးငယ်များ အတွက် နို့မှုန့်များ လှူဒါန်းရာ ဆေးရုံ တပ်မှူး ဗိုလ်မှူးကြီးကျော်ညွှန့် လက်ခံစဉ်။** (သတင်းစဉ်)




## (၁၅–၃–၂၀၀၇)နေ့ထုတ် ရတနာပုံသတင်းစာတွင် MIKKO® ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်းကို မူရင်း MIKKO ကုန်အမှတ်တံဆိပ်ပိုင်ရှင်က အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၆၁)နေ ဒေါ်ဥမ္မာဒေဝီ [၉/မကန(နိုင်) ၀၄၁၄၅၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

MIKKO

မှတ်ပုံတင်အမှတ်–၆၇၂၂/၀၆

အထက်ပါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်–၆၇၂၂/၀၆ကို ဒေါ်ဥမ္မာဒေဝီသည် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်ခဲ့ပါသည်။ ဈေးကွက်များတွင် MIKKO ကုန်အမှတ်တံဆိပ်ကို ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါသည်။

မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ်အမှတ်–၉၆/၂၀၀၇ ဖြင့် မှတ်ပုံတင်သွင်းသော ဦးစိုးအောင်၏ MIKKO® ကုန်အမှတ်တံဆိပ်သည် ဒေါ်ဥမ္မာဒေဝီ၏ MIKKO ကုန်အမှတ်တံဆိပ်နှင့် တူညီနေပါသည်။

ဒေါ်ဥမ္မာဒေဝီ၏ MIKKOကုန်အမှတ်တံဆိပ်သည် ဦးစိုးအောင်၏ MIKKO® ကုန်အမှတ်တံဆိပ်ထက် ဦးစွာ မှတ်ပုံတင်ထားခြင်း ဖြစ်ပါသည်။ ဦးစိုးအောင်သည် ကုန်သည်ကောင်း တစ်ဦးအနေဖြင့် MIKKO ကုန်အမှတ်တံဆိပ်ကို အသုံးမပြုတော့ကြောင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ကြေညာပေးပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းရီ (LL.B)**
**တရားရုံးချုပ်ရှေ့နေ(၄၃၅၇)**
**အမှတ်–၉/၁၁၊ အခန်း– ၂၀၁(ဘီ)၊ (၃)ထပ်**
**(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## မှတ်ပုံတင်သွင်းထားသောကုန်အမှတ်တံဆိပ်များဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၆၁)နေ ဒေါ်ဥမ္မာဒေဝီ [၉/မကန(နိုင်) ၀၄၁၄၅၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

TIMES

YONNO BABY WORLD UMBRELLA

မှတ်ပုံတင်အမှတ်–၆၇၂၁/၀၆ မှတ်ပုံတင်အမှတ်–၇၉၅/၀၇

အထက်တွင် ဖော်ပြထားသော **TIMES** ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်– ၆၇၂၁/၀၆၊ YONNO BABY WORLD မှတ်ပုံတင်အမှတ်–၇၉၅/၀၇တို့ကို ဒေါ်ဥမ္မာဒေဝီ ထုတ်လုပ်သော ထီးအမျိုးမျိုးတို့တွင် အသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အထက်ပါကုန်အမှတ်တံဆိပ်များကို မည်သူမျှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းရီ (LL.B)**
**တရားရုံးချုပ်ရှေ့နေ(၄၃၅၇)**
**အမှတ်–၉/၁၁၊ အခန်း–၂၀၁(ဘီ)၊ (၃)ထပ်**
**(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်ပွဲ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် 　 မတ် 　 ၁၇

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ ပြည်သူ့ဆေးရုံ(ငွေဆောင်) ဖွင့်ပွဲ၊ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို မတ် ၁၅ ရက်တွင် ငွေဆောင်မြို့ရှိ သက်ဆိုင်ရာ နေရာအသီးသီးတို့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍





# နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရ၏ သက်တော်(၇၅)နှစ်ပြည့် ဝိဇာတမင်္ဂလာသဘင် ကျင်းပ

ရန်ကုန် 　 မတ် 　 ၁၇

**နိုင်ငံတော် ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရ၏ သက်တော်(၇၅)နှစ်ပြည့်အထိမ်းအမှတ် ဝိဇာတမင်္ဂလာ စိန်ရတုသဘင်အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာရှိ ဓမ္မသိဒ္ဓိသုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာ ဆရာတော်နှင့် ဒွိပိဋကဓရဘွဲ့ရ ဘဒ္ဒန္တ ဝေပုလ္လာလင်္ကာရတို့အား မပင့်ဆောင်မီ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)က ပူဇာသနပလ္လင်ပေါ်သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားသည်။

ဆက်လက်၍ လူမှုထူးချွန်(ပထမဆင့်)မဟာသဒ္ဓမ္မဇောတိကဓဇ အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည် သီကုံးရေးသားသော အပင့်မင်္ဂလာဖြင့်ပူဇော်ပြီး ပူဇာသနပလ္လင်ပေါ်သို့ ဆရာတော်ကြွရောက်ပါရန် လျှောက်ထားပင့်ဆောင်သည်။

**သီကျူးပူဇော်**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဧည့်ပရိသတ်တို့က ပူဇော်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကြပြီး အဆိုတော် ဒလဝေဝေက စောင်းအေးအေးမြင့်နှင့် တွဲဖက်၍ ထူးမခြားနားသီချင်းခန့်ဖြင့် သီကျူးပူဇော်သည်။

**ကိုးပါးသီလခံယူ**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**ဖတ်ကြားပူဇော်**

ယင်းနောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်(ဓမ္မာစရိယ၊ ဘီအေ)က ထေရုပ္ပတ္တိကထာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံ(ငွေဆောင်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး